# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၃)၊ အမှတ်(၁၀၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## အဆောက်အဦများ တည်ဆောက်ရာတွင် သတ်မှတ်ထားသည့်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း မှာကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်အတွင်း သုံးထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**" ကျောင်းအဆောက်အဦများ တည်ဆောက်ရာတွင် လိုအပ်သည့်အဆောက်အဦကို တက္ကသိုလ်အင်္ဂါရပ်နှင့်ကိုက်ညီစွာတည်ဆောက်နိုင်ရေး ကြိုတင် Plan ရေးဆွဲဆောင်ရွက်ရန်လို "**

ယနေ့ *ဖတ်စရာ*

**မွမ်ဘိုင်းမြို့၌ အိန္ဒိယနိုင်ငံ၏ အရှည်ဆုံး ပင်လယ်ကူးတံတား ဖွင့်လှစ်**

နိုင်ငံတကာသတင်း စာ ၁၃



**အေဒီ ၁၂ ရာစုမှ ကျောက်ဆစ်လက်ရာ မယ်တော်မာယာ ဖွားတော်မူခန်းပုံကို ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ လေ့လာနိုင်**

ရွှေနိုင်ငံမြင်ကွင်းကျယ် စာ ၁၇



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများအား တွေ့ဆုံ၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားစဉ်။

▼ **တက္ကသိုလ်ကောလိပ်များကို အဆင့်မြှင့်တင်ပေးခြင်းသည် အနာဂတ်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့်ပညာရှင်များ မွေးထုတ်ပေးခြင်းပင်ဖြစ်၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်မှုရှိစေရေး သင်ကြားပေးရန်လိုပြီး အမှန်တကယ်ထူးချွန်သူများကိုသာ တစ်ဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး စိစစ်ဆောင်ရွက်သွားရန်လို**

** ရှေ့ဖုံးမှ*

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်ရှိ COMMUNITY CENTRE ခန်းမဆောင်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ ဦးစီးဌာနများ ဖွဲ့စည်းထားရှိမှု၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ထားရှိမှု၊ လက်ရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အခြေအနေ၊ ဖြစ်ပေါ်လာမည့် အခြေအနေဆန်းစစ်ချက်များနှင့် ပိုမိုကျယ်ပြန့်သည့် သင်ကြားသင်ယူမှုနယ်ပယ်များ ထည့်သွင်းဆောင်ရွက်နိုင်သော Polytechnic University များ တည်ထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက တက္ကသိုလ်၏ တည်နေရာနှင့် သမိုင်းအကျဉ်း၊ ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ဘာသာရပ်အလိုက် သင်ကြားရေးဝန်ထမ်းများနှင့် စီမံဝန်ထမ်းများခန့်အပ်ထားရှိမှု၊ စာသင်ဆောင်များ၊ အလုပ်ရုံများနှင့် စာသင်ခန်းများ တည်ဆောက်ထားရှိမှုနှင့် ထပ်မံတည်ဆောက်လျက်ရှိမှု၊ စာကြည့်တိုက်၊ အားကစားရုံနှင့်အားကစားကွင်းများ၊ ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များ တည်ဆောက်ထားရှိမှု၊ နယ်ဝေးမှ ကျောင်းသား ကျောင်းသူများအား အိပ်ဆောင်များ၌ နေရာချထားပေးမှုများကို လည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်အတွင်း အဆောက်အဦများ ထပ်မံတည်ဆောက်လျက်ရှိသည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းအဆောက်အဦများ တည်ဆောက်ရာတွင် လိုအပ်သည့် အဆောက်အဦကို တက္ကသိုလ်အင်္ဂါရပ်နှင့်ကိုက်ညီစွာ တည်ဆောက်နိုင်ရေး ကြိုတင် Plan ရေးဆွဲဆောင်ရွက်ရန် လိုကြောင်း၊ အဆောက်အဦများ တည်ဆောက်ရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆက်လက်ဆွေးနွေးပြောကြားရာတွင် တက္ကသိုလ်များ၊ ကောလိပ်များသည် အင်္ဂါရပ်နှင့် ကိုက်ညီရမည်ဖြစ်ပြီး အဆင့်မီရန် လိုကြောင်း၊ ယခင်က အဆင့်မြင့်ပညာရပ်များကို ရန်ကုန်မြို့၌သာ လာရောက်သင်ယူခဲ့ရပြီး အဆင့်မြင့်ပညာသင် တက္ကသိုလ်များ နိုင်ငံအဝန်း၌ အရေအတွက်နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်ပညာရပ်များကို သင်ကြားပေးနိုင်သည့်တက္ကသိုလ်များဖြစ်ပေါ်လာရေး စဉ်းစားဆောင်ရွက်ခဲ့ကြပြီး တက္ကသိုလ်ပညာရပ်များကို မိမိတို့ဒေသများ၌ သင်ကြားနိုင်ရန်အတွက် အထူးဒေသဇုန် ၁၄ ခု၌ တက္ကသိုလ်များ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ သို့သော် အချို့တက္ကသိုလ်များ၌ ပညာသင်ကြားမှုများ နည်းပါးသည်ကို တွေ့ရသဖြင့် မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်သည့် ဘာသာရပ်များနှင့် မဖြစ်မနေသင်ကြားရမည့် သာသာရပ်များကို ဦးစားပေးသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိအနေဖြင့် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များကို ပိုမိုကျယ်ပြန့်သည့် သင်ကြားသင်ယူမှုနယ်ပယ်များ ထည့်သွင်းဆောင်ရွက်နိုင်သော Polytechnic University များအဖြစ် ဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာရှင်များနှင့်ဆွေးနွေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်နည်းပါးကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကျောင်းများ ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်မှုနည်းပညာများ ဖွံ့ဖြိုးရေးအတွက်လည်း နည်းပညာကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေးမှထွက်ရှိသည့် ထွက်ကုန်များကိုအခြေခံ၍ စက်မှုပိုင်းဆိုင်ရာများအသုံးပြုပြီး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ပညာရှင်များ မွေးထုတ်ပေး**

သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး ပညာရေး အနာဂတ်ရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ ရရှိမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ သင်ကြား အောင်မြင်ပြီးသူများ အနေဖြင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုများရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့်သင်ထောက်ကူပစ္စည်းများနှင့် အဆောက်အဦများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ကောလိပ်များကို အဆင့်မြှင့်တင်ပေးခြင်းသည် အနာဂတ်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် ကျောင်းသား ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်မှုရှိစေရေး သင်ကြားပေးရန်လိုပြီး အမှန်တကယ်ထူးချွန်သူများကိုသာ တစ်ဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး စိစစ်ဆောင်ရွက်သွားရန် လိုကြောင်း၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်အတွင်း သုံးထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၃ မှ

တက္ကသိုလ်ပညာရပ်သည့် တွေးခေါ် လေ့လာသင်ကြားခြင်း (Studying) ဖြစ်သဖြင့် အမှန်တကယ် တွေးခေါ် မြော်မြင်တတ်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်စေရေး လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး သင်ကြားရေးနှင့် ပတ်သက်သည့် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုပြီး နိုင်ငံတော်မှလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်း သုံးထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ဆရာ ဆရာမများအား တွေ့ဆုံ၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားစဉ်။

## ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ ရောက်ရှိကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာခင်သီတာနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တက္ကသိုလ်ပင်မဆောင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ သမိုင်းအကျဉ်း၊ ဝန်ထမ်းများ ဖွဲ့စည်းထားရှိမှု၊ ဘာသာရပ်အလိုက် ဆရာ ဆရာမများ သင်ကြားပေးလျက်ရှိမှု၊ ဆရာ ဆရာမများ၏ ပညာအရည်အချင်းများ၊ အထူးပြုဘာသာရပ်များလိုက် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဆောက်အဦများ ဆောက်လုပ်လျက်ရှိမှု၊ IT center rooms တည်ဆောက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**“ ပညာသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာများရှိမှသာလျှင် လုပ်ငန်းနယ်ပယ်မျိုးစုံ၌ ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်၊ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး နိုင်ငံ၏အနာဂတ်ကို ပညာရေးဖြင့် ကောင်းမွန်စွာပုံဖော်ပေးနိုင်ရမည်ဖြစ် ”**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာများရှိမှသာလျှင် လုပ်ငန်းနယ်ပယ်မျိုးစုံ၌ ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး နိုင်ငံ၏အနာဂတ်ကို ပညာရေးဖြင့် ကောင်းမွန်စွာပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များ များစွာရှိသည်ကို စစ်တမ်းများအရ တွေ့ရှိရကြောင်း၊ ထို့ပြင် မိမိတို့ နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် သာမန်လုပ်ငန်းများကို ဆောင်ရွက်ကြသူများဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရေးကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူချိန်တွင် ပညာရည်မြှင့်တင်ရေးအဖြစ် KG + 9 အဆင့်အထိ မဖြစ်မနေ သင်ကြားရန် မူဝါဒချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ KG + 9 တက်ရောက်အောင်မြင်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံသင်တန်းကျောင်းများ တက်ရောက်ပြီး သက်ဆိုင်ရာပညာရပ်များအလိုက် ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာ တတ်မြောက်အောင်မြင်ပြီးသူများ အနေဖြင့်လည်း သက်ဆိုင်ရာဘာသာရပ်များအလိုက် အဆင့်မြင့်တက္ကသိုလ်နှင့် ကောလိပ်များကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း။

### တိုးချဲ့ဖွင့်လှစ်ပေး

နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူများ ပေါ်ကြွယ်ဝစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ တာဝန်ယူထားသည့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်မှုများရှိနေရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်နိုင်ရန်အတွက် ထိရောက်သည့် သင်ကြားမှုများဖြစ်ရန်လိုပြီး ဘွဲ့ရရှိပြီးချိန်တွင် သက်ဆိုင်ရာဘာသာရပ်အလိုက် အမှန်တကယ် တွေးခေါ်မြော်မြင် ဆောင်ရွက်တတ်သူများဖြစ်ရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးဝန်ထမ်းများအတွက် သက်ဆိုင်ရာအဆင့်အလိုက် ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့် ထောက်ပံ့မှုများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း။

### လေ့လာမှုများဆောင်ရွက်

အရည်အချင်း ပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးကို ကောင်းမွန်သည့် အထောက်အပံ့များဖြစ်စေနိုင်မည်ဖြစ်သဖြင့် အရည်အချင်းရှိသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလိုသည့်စိတ်ဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုပြီး နည်းပြများအနေဖြင့် အရည်အချင်းပြည့်ဝသူများဖြစ်စေရေး လေ့လာမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ တစ်ဦးချင်းစွမ်းရည်များ တိုးတက်လာပါက မိမိဘဝတိုးတက်ရေးအတွက် ထိုက်သင့်သည့်အကျိုးကို ခံစားခွင့်ရမည်ဖြစ်ကြောင်း၊ **ဆရာကောင်းမှ မွေးထုတ်ပေးသည့် တပည့်ကောင်းများ ဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုပြီး အရည်အသွေးမြင့်သည့် ပညာရေးကွင်းဆက်ဖြစ်အောင် စဉ်ဆက်မပြတ် ပုံဖော်ဆောင်ရွက်ကြရန်** လိုကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေအားလေးစားလိုက်နာခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအသိအမြင်ရှိခြင်းတို့၌ အားနည်းချက်များ ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ဥပဒေဆိုင်ရာများနှင့် စီးပွားရေးဆိုင်ရာများကို သိရှိရန် မဖြစ်မနေလိုအပ်သည်ဟု တွေ့ရှိရသဖြင့် ဥပဒေပညာရပ်ကို နားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကို သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက်လည်း စီးပွားရေးအခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာ သင်ကြားပြီးဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့်ပတ်ဝန်းကျင်ကို ကောင်းမွန်အောင်ဆောင်ရွက်နိုင်သူများ ဖြစ်စေရေးအတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသားကျောင်းသူများ ပညာတတ်မြောက်စေရေးနှင့် ၎င်းတို့၏ ဘဝတစ်လျှောက် ကောင်းမွန်မှန်ကန်စွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တက္ကသိုလ်ပရိဝုဏ်အတွင်း ကုံကော်၊ စိန်ပန်း၊ ခရေစသည့် အရိပ်ရအပင်ကြီးများ စိုက်ပျိုးရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

## လှိုင်သာယာမြို့နယ်ကို အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ပြီး ထိန်ပင်အမှိုက်ပုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းအား အမြန်ဆုံးပြီးစီးစေရေး တာဝန်ရှိသူများမှ ဆောင်ရွက်ရန်လို

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များအား လှိုင်သာယာ စက်မှုဇုန် ကနောင်ခန်းမ၌ တွေ့ဆုံ၍ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်း၊ ခရိုင် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ ကော်မတီ ဥက္ကဋ္ဌများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြို့တော်ဝန်က ဘုရင့်နောင်တံတားပန်းခြံနှင့် ဘုရင့်နောင်ပန်းခြံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။

**လှိုင်သာယာမြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်နှင့် စက်မှုဇုန်၏ တည်နေရာအကျယ်အဝန်းနှင့် သမိုင်းအကျဉ်း၊ စက်မှုဇုန်များအတွင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်မြှင့်တင်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ဘုရင့်နောင်ပန်းခြံ အဆင့်မြှင့်တိုးချဲ့ရန် ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် ဘုရင့်နောင်တံတားပန်းခြံ တည်ဆောက်လျက်ရှိမှုများနှင့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ စနစ်တကျရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လှိုင်သာယာ စက်မှုဇုန်ဥက္ကဋ္ဌ ဦးအုန်းဆိုင်က သွင်းကုန်အစားထိုးကုန်ကြမ်းများ တင်သွင်းခွင့်ပြုပေးစေလိုမှု၊ မြို့တော်ဝန် ဦးဗိုလ်ဒွေးက လှိုင်သာယာမြို့နယ်အတွင်းရှိ အိမ်ရာများ စနစ်တကျရှိစေရေးနှင့် လမ်းမကြီးများတစ်လျှောက် တရားမဝင် ဝင်ရောက်နေထိုင်သူများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

**မြို့ပြနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်**

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်ကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိန်ပင်အမှိုက်ပုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းအား အမြန်ဆုံးပြီးစီးစေရေး တာဝန်ရှိသူများမှ ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများ အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီးအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ***စာမျက်နှာ ၆ သို့***

> “ မြို့ပြနှင့် အိမ်ရာစီမံကိန်းများ တည်ဆောက်ရာတွင်လည်း Town Plan များရေးဆွဲ၍ စနစ်တကျဖြင့် ဆောင်ရွက်၊ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက်လည်း ဆောင်ရွက်ရန်လို၊ စီမံကိန်းများ တည်ဆောက်ရာတွင် လယ်ယာစိုက်ပျိုးမြေများ မထိခိုက်ရန်လို၊ ဈေးများတည်ဆောက်ရာတွင် အဆင့်မီသည့်ဈေးများ၊ Shopping Mall များ တည်ဆောက်ရန်လိုပြီး ယာဉ်ရပ်နားရန်နေရာများနှင့် စားသောက်ဆိုင်တန်းများပါ စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်၊ အလှအမျိုးမျိုးမှ ပြည်သူများရောင်းဝယ်မှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး မြို့နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေး ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည် ”




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အတွင်း လုပ်ကိုင်နိုင်သည့်လျှပ်စစ်ကဏ္ဍအပါအဝင်အခြားကဏ္ဍများကို ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုဇုန်များတွင် လျှပ်စစ်မီး လုံလောက်စွာရရှိမှသာ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကုန်ကြမ်းနှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းခြင်းထက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကအသုံးပြု၍ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်သဖြင့် နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် စက်သုံးဆီနှင့် စားသုံးဆီများအတွက် နိုင်ငံခြားငွေများကို သုံးစွဲရလျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် လျှပ်စစ်စွမ်းအင်သုံး စက်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသော်လည်း ပြည်တွင်းလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မှု မရှိသေးကြောင်း၊ ပြည်တွင်းစက်သုံးဆီနှင့် စားသုံးဆီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက နိုင်ငံခြားငွေ သုံးစွဲရမှုများ လျှော့နည်းသွားမည်ဖြစ်ကြောင်း။

၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိမိတို့အနေဖြင့် လှိုင်သာယာမြို့နယ်အတွင်းရှိ တရားမဝင် နေထိုင်သူများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး မြို့သာယာလှပရေးနှင့် စနစ်ကျနမှုရှိစေရေးကို အလေးပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားမဝင်ကျူးကျော်နေထိုင်သူများ မရှိစေရေး၊ ဥပဒေနှင့်အညီ ဖြစ်စေရေးနှင့် ပြန်လည်နေရာချထားရေးတို့ကို စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မြို့ပြနှင့် အိမ်ရာစီမံကိန်းများ တည်ဆောက်ရာတွင်လည်း Town Plan များ ရေးဆွဲ၍ စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းများ တည်ဆောက်ရာတွင် လယ်ယာစိုက်ပျိုးမြေများ မထိခိုက်ရန်လိုကြောင်း၊ ဈေးများတည်ဆောက်ရာတွင် အဆင့်မီသည့်ဈေးများ၊ Shopping Mall များ တည်ဆောက်ရန်လိုပြီး ယာဉ်ရပ်နားရန်နေရာများနှင့် စားသောက်ဆိုင်တန်း များပါ စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ပေးရန်လိုကြောင်း၊ အလွှာအမျိုးမျိုးမှ ပြည်သူများ ရောင်းဝယ်မှုအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး မြို့နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေး ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

**မြို့ပြစီမံကိန်းနှင့် အိမ်ရာစီမံကိန်းများကို စနစ်တကျတည်ဆောက်**

လှိုင်သာယာအရှေ့ပိုင်းတွင် စာသင်ကျောင်းများနည်းပါးသည်ကို တွေ့ရကြောင်း၊ ကျောင်းများ တည်ဆောက်ရာတွင်လည်း ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း အားကစားကွင်းများနှင့် ခန်းမများပါ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးအတွက် ပညာရေး ကောင်းမွန်ရန်လိုအပ်သဖြင့် ကျောင်းများ ကောင်းမွန်နေရန်လိုပြီး ရပ်ကွက်များအလိုက် အခြေခံပညာကျောင်းများ ရှိရန်လိုသကဲ့သို့ အားကစားကွင်းများလည်း တည်ရှိရန်လို**ကြောင်း၊ မြို့ပြစီမံကိန်းနှင့် အိမ်ယာစီမံကိန်းများ တည်ဆောက်ရာတွင် အားကစားကွင်းများ၊ ဈေးနှင့် ကျောင်းများ၊ ဆေးရုံများ ထည့်သွင်းတည်ဆောက်ရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ်ကို အဆင့်မြင့်တင်နိုင်ရန်အတွက် TownPlan များ စနစ်တကျဖြင့် ရေးဆွဲဆောင်ရွက်လိုကြောင်း။

စက်မှုဇုန်နှင့်ပတ်သက်၍ စက်မှုဇုန်အတွင်း အလုပ်လုပ်ကိုင်သူများ အဆင်ပြေစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့ပြတည်ဆောက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်စေရေး ရေရှည်အတွက် စီမံကိန်းများချမှတ်၍ စီမံဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်တံတားပန်းခြံနှင့် ဘုရင့်နောင်ပန်းခြံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ မြို့တော်ဝန်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပန်းခြံအတွင်း စိန်ပန်း၊ ခရေ၊ ကံ့ကော်စသည့် အရိပ်ရသစ်ပင် ပန်းမန်ပင်များ၊ အရိပ်ရပင်များကို ထည့်သွင်းစိုက်ပျိုးရန်လိုကြောင်း၊ ပြည်သူများ စိတ်လက်အေးချမ်းစွာဖြင့် အပန်းဖြေအနားယူနိုင်ရေးအတွက် ပန်းခြံအတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မန္တလေးမြို့၌ လူငယ်ပွဲတော်ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် လူငယ်ရေးရာကော်မတီ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတရရှိစေမည့်အစီအစဉ်များ၊ စိတ်ပျော်ရွှင်စေမည့် စိတ်ဝင်စားဖွယ်ရာ ပြပွဲပြိုင်ပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပညာရေးကဏ္ဍအစီအစဉ်အနေဖြင့် ကျောင်းသား ကျောင်းသူများအတွက် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပကာ ဆုချီးမြှင့်ခြင်းအစီအစဉ်များလည်း ဆောင်ရွက်ထားသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း ပွဲတော်လာကျောင်းသားလူငယ်များ စိတ်ပျော်ရွှင်စေရန်အတွက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စက္ကူအရုပ်ခေါက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲ စသည့် စိတ်ဝင်စားဖွယ်ရာ ပြိုင်ပွဲများကိုလည်း ထည့်သွင်းသွားမည့်အပြင် စာအုပ်စာပေဖတ်ရှုခြင်းကို စိတ်အားထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း Mobile Library စာအုပ်ပြခန်း၊ စာအုပ်ပြပွဲများ၊ ကလေးငယ်များအတွက် ကလေးစာဖတ်ခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲဝင်ထားသည့် မှတ်တမ်းဓာတ်ပုံများကိုလည်း ဓာတ်ပုံပြခန်းပြုလုပ်၍ ကဏ္ဍစုံလင်စွာဖြင့် ပြသသွားမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကျင်းပမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉)ရပ်အနက် လူမှုရေးဦးတည်ချက်မှာလည်း လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာလည်း ပါဝင်ပါတယ်။ ဒါကြောင့် လူငယ်ကဏ္ဍမြှင့်တင်ဖို့ နိုင်ငံတော်အဆင့် ဆောင်ရွက်နေတဲ့ပွဲတော်တွေလည်း ရှိပါတယ်။ ကျွန်မတို့ မန္တလေးမြို့မှာလည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုနဲ့ တိုင်းဒေသကြီး ကျေးရွာစာကြည့်တိုက် ငွေပဒေသာပင် ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ဦးဆောင်ပြီး လူငယ်ပွဲတော်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားလူငယ်များအနေနဲ့ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲသွားကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က "လူငယ်ပွဲတော်ကျင်းပခြင်းအားဖြင့် ကျောင်းသား ကျောင်းသူတွေရဲ့ ဗလငါးတန်ဖွံ့ဖြိုးဖို့ကို များစွာအထောက်အကူပြုစေမှာပဲဖြစ်ပါတယ်။ ပွဲတော်ကြီးကို မန္တလေးမြို့ပေါ်ငါးမြို့နယ်က ကျောင်းသား ကျောင်းသူတွေ အလှည့်ကျ အချိန်ပိုင်းနဲ့ လှေ့လာနိုင်ဖို့လည်း စီစဉ်ထားပါတယ်။ ကျောင်းသားကျောင်းသူတွေ ဦးရေများများနဲ့ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကာယဗလဖွံ့ဖြိုးရေးအတွက်လည်း အားကစားနှင့် လူငယ်ရေးရာကော်မတီမှ အားကစားနှင့်သက်ဆိုင်သည့် သရုပ်ပြသခြင်း၊ ပြိုင်ပွဲများ ကျင်းပပေးခြင်းများနှင့် ဖျော်ဖြေရေးအစီအစဉ်ကောင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် သိသင့်သိထိုက်သည့် အကြောင်းအရာများအား ပြခင်းပြကွက်စုံလင်စွာဖြင့် ပြသမည့် လူငယ်ပွဲတော်သို့ ကျောင်းသားလူငယ်များ လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ၁၀၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ၁၀၈ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး



တည်ထားကိုးကွယ် ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များ ကိုယ်စား ဂေါပကအဖွဲ့ဝင်တစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ရုပ်ပွားတော် မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဘုရားဖူးလာဂေါပက အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အဦများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။ **သတင်းစဉ်**



# ASEAN Compulsory Motor Insurance (ACMI) System မှတစ်ဆင့် Online Process ဖြင့် ဆောင်ရွက်မည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အာမခံမိတ်ဆက်ခြင်းအခမ်းအနားကျင်းပ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်ဖွင့်လှစ်ပေး



**နေပြည်တော် ဇန်နဝါရီ ၁၃**

ASEAN Framework Agreement on the Facilitation of Goods in Transit(AFAFGIT) ပါ Protocol-5 အရ အာဆီယံနယ်စပ် ဖြတ်ကျော် မော်တော်ယာဉ်များ အတွက် မထားမနေရ သူတစ်ပါးထိခိုက်မှု အာမခံလက်ခံခြင်းနှင့် လျော်ကြေးပေးချေခြင်းများအား ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေရန်အတွက် ASEAN Compulsory Motor Insurance (ACMI) System မှတစ်ဆင့် Online Process ဖြင့် ဆောင်ရွက်မည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အာမခံ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအာမခံအသင်းဥက္ကဋ္ဌနှင့်အထွေထွေ အာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာမော်တော်ယာဉ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံထဲတွင် ACMI System ကို Digital Platform တည်ဆောက်ပြီး အသုံးပြုနိုင်သည့် နိုင်ငံလေးနိုင်ငံထဲတွင်မြန်မာနိုင်ငံ ပါဝင်ကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က Vietnam နိုင်ငံ Halong မြို့၌ ကျင်းပပြုလုပ်ခဲ့သော 24th Council of Bureaux Meeting တွင် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာမည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အတွက် မထားမနေရ သူတစ်ပါးထိခိုက်မှု အာမခံအကာအကွယ်ကို Online Channel မှတစ်ဆင့် ဝယ်ယူနိုင်ပြီဖြစ်သည့်အတွက် အချိန်ကုန်၊ လူပင်ပန်းမှု နည်းပါးသွားမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်ဝင်ငွေကိုလည်း ပိုမိုရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်များကြောင့် မြန်မာပြည်သူများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ ဖြစ်လာခဲ့လျှင် ငွေကြေးတစ်စုံတစ်ရာ အထောက်အပံ့ဖြစ်စေမည့် နစ်နာကြေးပေးချေခြင်းကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိစေမည့် လုပ်ငန်းဖြစ်ကြောင်း၊ အာဆီယံနယ်နိမိတ်တစ်လျှောက် ကုန်စည်သယ်ယူပို့ဆောင်နေကြသည့် မော်တော်ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအတွက် ခရီးစဉ်တစ်လျှောက် စိတ်အေးချမ်းသာစွာ သွားလာနိုင်ရန်နှင့် အာဆီယံသယ်ယူပို့ဆောင်ရေး သဘောတူညီချက်များကို အကောင်အထည် ဖော်နိုင်ရန်အတွက် ASEAN's spirit ဖြစ်သည့် "One Vision, One Identity, One Community" အစီအစဉ်အနေဖြင့် ဆောင်ရွက်ပေးမည့် ASEAN Compulsory Motor Insurance (ACMI) System မှတစ်ဆင့် Online Process ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အာမခံ မိတ်ဆက်ခြင်းအစီအစဉ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ASEAN Compulsory Motor Insurance (ACMI) System မှတစ်ဆင့် Online Process ဖြင့် ဆောင်ရွက်မည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အာမခံအား လက်ခံဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းသို့ ဝင်ရောက်လာမည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်များမှ အာမခံပရီမီယံကြေးများရရှိသကဲ့သို့ ထိုမော်တော်ယာဉ်များကြောင့် သေဆုံးသူ၊ ဒဏ်ရာရရှိ သူများအတွက် သူတစ်ပါးထိခိုက်မှု အာမခံနစ်နာကြေးအား ပေးချေနိုင်ခြင်း၊ အာဆီယံနိုင်ငံများအကြား စီးပွားရေး ပေါင်းစပ်မှုများနှင့်အညီ ကုန်စည်စီးဆင်းမှုများ တိုးတက်လာစေခြင်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် အထောက်အကူပြုပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆန်စျေးတည်ငြိမ်ရန်နှင့် သမားရိုးကျရောင်းဝယ်ခြင်းမဟုတ်သည့်လုပ်ငန်းများ ထိန်းကျောင်းနိုင်ရန်အတွက် Supermarket များနှင့် လက်လီလက်ကားဆန်ဆိုင်များတွင် ခင်းကျင်းရောင်းချမှုများအတွက် သိုလှောင်ထားသည့် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ရန် MRF ထပ်မံအသိပေး

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပြည်တွင်းဆန်စျေးနှုန်း တည်ငြိမ်စေရေး၊ ပြည်ပသို့ ဆန်တင်ပို့မှု စနစ်တကျဆောင်ရွက်နိုင်ရေးတို့အား ရည်ရွယ်၍ စျေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သမားရိုးကျရောင်းဝယ်ခြင်း မဟုတ်သည့်လုပ်ငန်းများ ထိန်းကျောင်းနိုင်ရန်အတွက် Supermarket များနှင့် လက်လီလက်ကား ဆန်ဆိုင်များအတွက် သိုလှောင် ထားသည့် ဆန်၊ စပါးသိုလှောင်ရုံများကို မှတ်ပုံတင်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) က ဇန်နဝါရီ ၁၂ ရက်တွင် ထပ်မံအသိပေး ကြေညာထားသည်။

ဆန်စပါး ကဏ္ဍတွင် ပုံမှန်လုပ်ငန်းလုပ်ကိုင်နေသူများအား ဝန်ထုပ်ဝန်ပိုးနှင့် ထိခိုက်မှုမရှိစေရေး အတွက်လည်းကောင်း၊ စျေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သမားရိုးကျရောင်းဝယ်ခြင်း မဟုတ်သည့် လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရေးအတွက် လည်းကောင်း၊ စျေးဝယ်အရောင်းစင်တာ(Supermarket) များနှင့် လက်လီလက်ကား ဆန်ဆိုင်များတွင် ခင်းကျင်းရောင်းချမှုများအတွက် သိုလှောင်မှုများကို စနစ်တကျရှိစေရန်အတွက်လည်းကောင်း စီးပွားဖြစ်ရောင်းဝယ်ရန်အလို့ငှာ ဆန်တန်ချိန် ၅၀ (သို့မဟုတ်) စပါးတင်း၅၀၀၀ နှင့်အထက်သိုလှောင်ထားရှိမှုများကို မြန်မာဆန်စပါးအွန်လိုင်း(Myanmar Rice Online-MyRO)စနစ်တွင် မှတ်ပုံတင်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် MRFက အသိပေးကြေညာခဲ့သေးကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ ၈၇ လုံး၊ ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ ၅၂ လုံး၊ ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ ၁၀ လုံး၊ မန္တလေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ လေးလုံး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိုလှောင်ရုံ တစ်လုံး၊ နေပြည်တော်ကောင်စီနယ်မြေမှ သိုလှောင်ရုံ ၁၉ လုံးနှင့် ရခိုင်ပြည်နယ်မှသိုလှောင်ရုံ တစ်လုံး စုစုပေါင်းသိုလှောင်ရုံ ၁၇၄ လုံးအား မှတ်ပုံတင် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

"MyRO Website ထဲကို ဝင်တင်လို့ရပါတယ်။ သိုလှောင်ရုံအတိုင်းအတာအရ စက်က Software နဲ့ Auto သတ်မှတ်ပေးသွားမယ်။ ကုမ္ပဏီအနေနဲ့ဆို တစ်သိန်းခွဲက အများဆုံး။ လူပုဂ္ဂိုလ်အနေနဲ့ဆိုရင် ရှစ်သောင်းအများဆုံးပါ။ ဒီဇင်ဘာလအထိ သိုလှောင်ရုံပေါင်း ၁၇၄ လုံးမှတ်ပုံတင်ခဲ့တယ်။ အခုလက်ရှိဆိုရင် မှတ်ပုံတင်တာ သိုလှောင်ရုံပေါင်း ၂၀၀ လောက် ရှိနေပြီ" ဟု ဆန်စပါးအသင်းချုပ်နှင့် နီးစပ်သူထံမှ သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်ဆန်စပါးအသင်းအဖွဲ့များ၏ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်အသင်းခွဲများ၊ ဒေသကော်မတီများ၊ ကုန်စည်ဒိုင်များအနေဖြင့် မိမိတို့အသင်းဝင်များ၏ ဆန်စပါးသိုလှောင်မှု မှတ်ပုံတင်ခြင်းလုပ်ငန်းကို အချိန်မီဆောင်ရွက်နိုင်ရေး စီစဉ်ညှိနှိုင်းဆောင်ရွက်ပေးရန်လည်းကောင်း၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များအနေဖြင့်လည်း သတ်မှတ်ချက်များနှင့်အညီ MyRO တွင် မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ရန် လည်းကောင်း၊ စျေးဝယ်စင်တာ (Supermarket) များအနေဖြင့်လည်း မိမိတို့၏ စင်တာများတွင် ခင်းကျင်းရောင်းချသော ဆန်အိတ်များသိုလှောင်သည့် သိုလှောင်ရုံများ မှတ်ပုံတင်နိုင်ရေးကို အထူးအလေးပေးကြပ်မတ်ဆောင်ရွက်ပေးရန် စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စာဖြင့်ပေးပို့အကြောင်းကြားထားသဖြင့် သိရှိလိုက်နာဆောင်ရွက်ပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က အသိပေးထားသည်။

MyRO တွင် မှတ်ပုံတင်ခြင်းနှင့်ပတ်သက်ပြီး မေးမြန်းဆွေးနွေးရန်ရှိပါက ၀၉-၈၉၃၀၉၅၅၀၃၊ ၀၉-၉၇၅၈၆၄၂၆၀၇ နှင့် Email:myromyanmar.mm@gmail.com သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်းလည်း သိရသည်။

**MT**

# နာမည်ကျော်စကျင်ရွာထွက် စကျင်ကျောက်ဆစ် ဘုရားဆင်းတုတော်စျေးကွက် ပုံမှန်အတိုင်းရှိနေ

**ရန်ကုန် ဇန်နဝါရီ ၁၃**

နာမည်ကျော် စကျင်ကျေးရွာထွက် စကျင်ကျောက်ဆစ် ဘုရားဆင်းတုတော်စျေးကွက်မှာ ပုံမှန်အတိုင်းရှိနေပြီး ပုံတော်ထုဆစ်သည့် လက်မှုပညာရှင်များ အလုပ်ပြတ်လပ်မှုမရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာရှိ ဘုရားဆင်းတုတော် ရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။

"ပြည်တွင်းစျေးကွက်မှာတော့ ကိုဗစ်ကပ်ရောဂါနဲ့ အခြေအနေအရပ်ရပ်တွေဖြစ်ခဲ့ပေမယ့် စားဝတ်နေရေးကတော့ ပုံမှန်အတိုင်း လည်ပတ်နေကြတယ်။ အလုပ်အကိုင်လေးတွေ ဘယ်သူမှ ပြတ်တယ်ဆိုတာ မရှိကြဘူး။ ဆင်းတုတော်ရောင်းဝယ်ရေးက ခုထိပုံမှန်အတိုင်းလေးပဲရှိတယ်။ ဒီလုပ်ငန်းလေးကတော့ ပုံမှန်အတိုင်း လည်ပတ်နေကြတယ်။ တစ်ရွာလုံးလည်း အလုပ်ပြတ်သွားတယ် မရှိဘူး"ဟု ရွှေရန်ကုန် ဘုရားဆင်းတုတော် ရောင်းဝယ်ရေးမှ တာဝန်ရှိသူက ဆိုသည်။

ယခင်နှစ်များအတွင်းက စကျင်ကျောက်ဖြင့် ထုဆစ်သည့်ဘုရားဆင်းတုတော်များအား တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် စျေးကွက်ကြီးရှိခဲ့ကြောင်း သိရသည်။

အဆိုပါရွာမှ ထွက်ရှိသည့် စကျင်ကျောက် ဘုရားဆင်းတုတော်များအား မန္တလေးမြို့၊ မြဝတီမြို့ စသည့်မြို့များသို့ တင်ပို့ကြောင်း သိရသည်။

လက်ရှိတွင် စကျင်ကျောက်ဖြင့် ထုဆစ်သည့် ဘုရားဆင်းတုတော်စျေးကွက်မှာ ဉာဏ်တော်အနိမ့်အမြင့်ပေပေါ် မူတည်၍ အနိမ့်ဆုံးငါးသောင်းမှ စတင်ကာ အမြင့်ဆုံး သိန်းသုံးရာကျော်အထိ စျေးပေါက်ကြောင်း သိရသည်။

"ဉာဏ်တော်မြင့်ရင် မြင့်သလို စျေးတန်လာတာရှိတယ်။ ဉာဏ်တော် အမြင့် ၁၀ ပေ အထိုင်တစ်ဆူဆို သိန်းသုံးရာလောက်ပေါက်တယ်။ ဒါကစကျင်ကျောက်နဲ့ပတ်သက်တဲ့ ဆင်းတုတော်ပေါ့" ဟု ရွှေရန်ကုန် ဘုရားဆင်းတုတော် ရောင်းဝယ်ရေးမှ တာဝန်ရှိသူက ဆက်လက်ရှင်းပြသည်။

**သစ်တော်**

# သီလဝါအထူးစီးပွားရေးဇုန်၌ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၃

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါအထူး စီးပွားရေးဇုန်ရှိ စီမံခန့်ခွဲမှုကော်မတီနှင့် ရင်းနှီးမြှုပ်နှံသူများအား တွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးသည် သီလဝါအထူးစီးပွားရေးဇုန်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်အခြေအနေများ၊ လက်ရှိရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရေးတို့ကို မှာကြားသည်။

**ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး**

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်နှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ နိုင်ငံတော်မှဖော်ဆောင်ပေးနေသည့်အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ လုပ်ငန်းများ၌ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး ရင်းနှီးမြှုပ်နှံသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးတည်ထောင်သူ (Developer) ဖြစ်သော Myanmar Japan Thilawa Development Limited(MJTD) မှ တာဝန်ရှိသူများ၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် သီးခြားတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်ပေးရန် လုပ်ငန်းများကို ဆွေးနွေးခဲ့ပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်ကြီး ဇန်နဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့နှင့် အတူ ယနေ့ နံနက်ပိုင်းတွင် ညောင်ရွှေမြို့ မင်္ဂလာရပ်ကွက်ရှိ ဘုရားကျိန်းကျောင်းတွင် ခိုလှုံနေကြသော ယာယီတိုက်ပွဲရှောင် ပြည်သူများအား သွားရောက် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။



**ထောက်ပံ့ပေးအပ်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော Smart အထည်ချုပ်စက်ရုံမှ ထုတ်လုပ်သည့် ကျား၊ မ အင်္ကျီများနှင့် ကိုယ်တိုက်ဆပ်ပြာများကိုလည်းကောင်း၊ အသက် ၇၀ နှစ်နှင့် အထက်ရှိသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်၅နှစ်အောက်ကလေးများအတွက် လူမှုရေး ထောက်ပံ့ငွေများကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ လူဦးရေအလိုက်၊ အိမ်ထောင်စုအလိုက် ထောက်ပံ့သည့် ထောက်ပံ့ငွေများကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ယာယီတိုက်ပွဲရှောင် ပြည်သူများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည့် ညောင်ရွှေမြို့ ရန်ကုန်ဘုန်းကြီးကျောင်းရှိ သံဃာတော်များအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ယာယီခိုလှုံရာစခန်းတွင် ရောက်ရှိခိုလှုံနေကြသည့် ယာယီတိုက်ပွဲရှောင် ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့မှ ထောက်ပံ့သော အဝတ်အထည်များ၊ ကိုယ်တိုက်ဆပ်ပြာများ၊ လူမှုရေးထောက်ပံ့ငွေများနှင့် စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့ မဟာရန်အောင်ဘုရားတွင် ဖွင့်လှစ်ထားသည့် ခိုလှုံရာစခန်းတွင် ရောက်ရှိခိုလှုံနေကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဝန်ကြီးဌာနအလိုက် အကူအညီ အထောက်အပံ့များ ထောက်ပံ့ပေးအပ်ပြီး တိုက်ပွဲရှောင်ပြည်သူများကို နွေးထွေးရင်းနှီးစွာ တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလောမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၃၆၇ စု၊ လူဦးရေ ၂၂၁၈ ဦး၊ ညောင်ရွှေမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင် အိမ်ထောင်စု ၄၄၄၀၊ လူဦးရေ ၁၇၄၀၁ ဦး၊ ဖယ်ခုံမြို့နယ်ရှိ အိမ်ထောင်စု ၁၄၁၈ စု၊ လူဦးရေ ၂၂၂၇ ဦး စုစုပေါင်း အိမ်ထောင်စု ၅၂၄၂ စု၊ လူဦးရေ ၂၁၈၄၆ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ငွေကျပ် ၂၈၆,၁၈၂,၆၀၀ တန်ဖိုးရှိ Smart ရှပ်အင်္ကျီ ၂၁၈၄၆ ထည်နှင့် ဆပ်ပြာ ၂၁၈၄၆ ခဲ၊ ထိခိုက်လွယ် လူဦးရေ ၂၅၆၆ ဦးအတွက် လူမှုထောက်ပံ့ကြေး ငွေကျပ် ၇၆,၉၈၀,၀၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အိမ်ထောင်စု ၅၂၄၂စု၊ လူဦးရေ ၂၁၈၄၆ ဦးအတွက် ငွေကျပ် ၁၅၅,၈၁၈,၄၅၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ထောက်ပံ့ငွေ ကျပ်သိန်း ၃၀ စုစုပေါင်း ထောက်ပံ့မှု တန်ဖိုးငွေကျပ် သိန်း ၅၂၂၀ ခန့် ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟုမ္မလင်းခရိုင်အတွင်း ဆန်၊ ဆီ၊ ပဲ ဖူလုံမှုရှိစေရန် အလေးထားဆောင်ရွက်ပေးနေရာသီသီးနှံအပြင် နှစ်ရှည်သီးနှံများကိုလည်း စိုက်ပျိုးသွားကြရန်လို

**ဟုမ္မလင်း ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ ဟုမ္မလင်းတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ ဟုမ္မလင်းခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။



**တိုးမြှင့်စိုက်ပျိုး**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဟုမ္မလင်းခရိုင်အတွင်း ဆန်၊ ဆီ၊ ပဲ ဖူလုံမှုရှိစေရန် အလေးထားဆောင်ရွက်ပေးနေပါကြောင်း၊ ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးပြီး တစ်ကေပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ဓာတ်မြေဩဇာများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်း၊ နည်းပညာပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင် ပံ့ပိုးကူညီပေးလျက် ရှိပါကြောင်း၊ ရာသီသီးနှံအပြင် နှစ်ရှည်သီးနှံများကိုလည်း စိုက်ပျိုးသွားကြရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးရည်မှန်းချက်များ အောင်မြင်ရန် ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာများ၏ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာအားလုံးအနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

**ပန်းတိုင်အထွက်နှုန်းရရှိရေး**

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသတည်ငြိမ်အေးချမ်းရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ဌာနဆိုင်ရာများက စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် စိုက်ပျိုးသီးနှံများအပေါ် ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဟုမ္မလင်း(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဒုတိယဝန်ကြီး ဒေါ်နုမြဲ အမျိုးသားဇာတ်ရုံ(ရန်ကုန်)နှင့် အမျိုးသားပြတိုက်(ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇန်နဝါရီ ၁၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက အမျိုးသားဇာတ်ရုံ(ရန်ကုန်) သို့ရောက်ရှိပြီး အမျိုးသားဇာတ်ရုံ (ရန်ကုန်)အတွင်း ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ရုံးပတ်ဝန်းကျင်နှင့် အိမ်ရာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေး၊ ဇာတ်ရုံအတွင်းအပြင် သန့်ရှင်းရေးနှင့် လေအေးပေးစက်များ တပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမျိုးသားပြတိုက် (ရန်ကုန်)သို့ ရောက်ရှိစစ်ဆေးရာ အမျိုးသားပြတိုက် (ရန်ကုန်) ခေတ္တတာဝန်ခံက အမျိုးသားပြတိုက် (ရန်ကုန်)ရှိ ပြခန်း ၁၃ ခန်းတွင် ခင်းကျင်းပြသထားမှု၊ အမျိုးသားပြတိုက် (ရန်ကုန်) ၌ ဆောင်ရွက်ခဲ့သည့် ပြည်တွင်း/ပြည်ပ ပြပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လာရောက်ကြည့်ရှုလေ့လာသည့် ပြည်တွင်း/ပြည်ပ ခရီးသွားဝင်ရောက်မှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် ကျောင်းသား ကျောင်းသူ ဝင်ရောက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမျိုးသားပြတိုက် (ရန်ကုန်)မှ ဝန်ထမ်းများနှင့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း အမှတ်စဉ် (၂၁) မှ သင်တန်းသူများကို တွေ့ဆုံပြီး ပြတိုက်ဆိုင်ရာလုပ်ငန်းရပ်များ မှာကြားကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် Ticket Management System, Inventory Management and Ethnic Traditional Gallery (Active Relity-AR System)လုပ်ငန်းနှင့် ရှေးဟောင်းပစ္စည်းသိုလှောင်ရုံ နှစ်ထပ် ဆက်လက်ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမင်းမင်း မြန်မာဆန်စပါးအွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ထားသည့် ဆန်သိုလှောင်ရုံများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇန်နဝါရီ ၁၃**

ပြည်တွင်းဈေးကွက်၌ ဆန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရေး၊ ပြည်ပသို့ ဆန်တင်ပို့မှုကို စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သမားရိုးကျ ရောင်းဝယ်ခြင်း မဟုတ်သည့် လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရေးနှင့် ဆန်စပါးသိုလှောင်မှုများ စနစ်ကျနမှုရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ဆန်စပါးသိုလှောင်မှုအား Online မှ မှတ်ပုံတင်ခြင်းစနစ် (Myanmar Rice Online – MyRo) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစနစ်ဖြင့် ကုမ္ပဏီ/ လူပုဂ္ဂိုလ်များမှ မှတ်ပုံတင်ထားသည့် သိုလှောင်ရုံများအနက်မှ လှိုင်သာယာမြို့နယ်ရှိ MyRo စနစ်ဖြင့်မှတ်ပုံတင်ထားသော သိုလှောင်ရုံများကို ဒုတိယဝန်ကြီး ဦးမင်းမင်း နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက သွားရောက်စစ်ဆေးရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ဆန်၊ စပါးသိုလှောင်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်တွင် Warehouse Registration ဆောင်ရွက်ပုံ အဆင့်ဆင့်ကို သိုလှောင်ရုံများ၊ ပြည်ပတင်ပို့သည့် ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းများ၊ ဆန်လက်လီ/လက်ကား အရောင်းဆိုင်များက မှတ်ပုံတင်ခြင်းကို ကဏ္ဍအလိုက် ရှင်းလင်းပြသပြီး ပြည်နယ်/တိုင်းဒေသကြီးများမှ တာဝန်ရှိသူများက အသုံးပြုရာတွင် လိုအပ်သည့်အချက်များကို ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

Online မှ မှတ်ပုံတင်ခြင်းစနစ် (Myanmar Rice Online – MyRo) ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် နေပြည်တော် ကောင်စီနယ်မြေတို့မှ သိုလှောင်ရုံ ၁၉၃ လုံးကို မှတ်ပုံတင်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၄ ခုနှစ် အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၃**

ဂျူဒိုအားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ မျိုးဆက်သစ်ဂျူဒိုအားကစားသမားများစွာ ပေါ်ထွက်လာစေရေးနှင့် ဂျူဒိုအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

**ဆုများပေးအပ်ချီးမြှင့်**

၂၀၂၄ ခုနှစ် အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲတွင် (အမျိုးသား/အမျိုးသမီး) (Kata) ပြိုင်ပွဲနှင့် ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုရရှိကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ကရင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အခြေခံစားသောက်ကုန်များ သက်သာသောနှုန်းထားဖြင့်ရောင်းချ



**ဘားအံ ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာ၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဘားအံမြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၌ အခြေခံစားသောက်ကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ်(ဘားအံ)ရှိ ဆရာ ဆရာမ၊ ဝန်ထမ်းများ၊ အဆောင်နေကျောင်းသား ကျောင်းသူများအား ဘားအံ/လှာကဒေါင် မွေးမြူရေးဇုန်မှ ထုတ်လုပ်သော လတ်ဆတ်သည့် ကြက်ဥ၊ ဘဲဥများ၊ ကြက်၊ ဝက်၊ ဆိတ်သား၊ ငါးများ၊ သံလွင်မြစ်ကမ်းဘေးတစ်လျှောက်ရှိကျေးရွာများနှင့် ရေလယ်ကျွန်းများမှ စိုက်ပျိုးထွက်ရှိသည့် ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံများ၊ ဆန်နှင့် ဆီများအား သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးနှင့်ကိုက်ညီသည့် စားသောက်ကုန်များကို စနစ်တကျရောင်းချပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိုက်ပျိုးရေးသိပ္ပံ (ဘားအံ)၌ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်အစရှိသော အခြေခံစားသောက်ကုန်များအား သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)၏ ဆယ်မျိုးဆယ်ပေါင် ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် ကျောင်းပတ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးကာ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ကျန်ရှိသည့် ကျောင်းပတ်လမ်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ဘားအံတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် (ဘားအံ) တို့တွင် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးသန့်စင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၃**



စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းနှင့် ရတနာစုကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း) သို့ ရောက်ရှိပြီး စက်ရုံအတွင်း ရေနံဓာတ်ငွေ့ရည် (Liquified Petro–leum Gas – LPG) လည်ပတ်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက စက်ရုံလုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးအလေးထားဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများကို ကြိုတင်စစ်ဆေးပြုပြင်ခြင်းနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျွမ်းကျင်ဝန်ထမ်း များခါးဆက် မပြတ်စေရေးအတွက် စီမံ ဆောင်ရွက်သွားကြရန်၊ ရတနာစုကုမ္ပဏီအနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ ယနေ့အထိ ဒေသဖွံ့ဖြိုးရေးအတွက် CSR လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုကို အသိအမှတ်ပြုပါကြောင်း၊ ဆက်လက်၍ ဒေသအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်သွားစေလိုကြောင်း၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ပတ်သက်၍လည်း တတ်နိုင်သမျှ ထောက်ပံ့ ကူညီပေးနိုင်ရေး ဆောင်ရွက်ကြ စေလိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က ဝန်ထမ်းများကို အမှတ်တရ သစ်သီးခြင်းနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ အများပြည်သူသို့ စက်သုံးဆီဖြန့်ဖြူးရောင်းချပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ စက်သုံးဆီများ၏ အရည်အသွေးနှင့် အချင်အတွယ်ပြည့်မီစေရေး၊ ဝန်ဆောင်မှု ကောင်းမွန်စေရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် တားဆီး ကာကွယ်ရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ရေနံဓာတ်ငွေ့ရည် စက်ရုံ (ညောင်တုန်း) သည် သဘာဝဓာတ်ငွေ့မှ ရေနံဓာတ်ငွေ့ရည် (Liquified Petroleum Gas – LPG) တစ်ရက်လျှင် တန် ၃၀ ထုတ်လုပ်ဖြန့်ဖြူးနေသော စက်ရုံတစ်ရုံဖြစ်ပြီး ရေနံဓာတ်ငွေ့ရည်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ခြင်းဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်သကဲ့သို့ ထင်း၊ မီးသွေး လောင်စာသုံးစွဲမှုကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ပဉ္စမနေ့ပွဲစဉ်များနှင့် ဆုပေးပွဲဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားရုံတို့တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပဉ္စမနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာ အားကစားနည်းများအလိုက် ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသား ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့ရုံတွင် ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ဆွေထွန်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။



အဆိုပါ အမျိုးသားပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် စစ်ကိုင်းတက္ကသိုလ်အသင်းက ပထမ၊ ပဲခူးတက္ကသိုလ်အသင်းက ဒုတိယရရှိပြီး ရတနာပုံတက္ကသိုလ်အသင်းနှင့် မော်လမြိုင်တက္ကသိုလ်အသင်းတို့က ပူးတွဲတတိယ ရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းက အကောင်းဆုံးရိုက်ခုတ်ကစားသမားဆုရရှိသည့် ပဲခူးတက္ကသိုလ်မှ ကျောနံပါတ် ၁ မောင်ထင်လင်းနောင်ကို လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးက အကောင်းဆုံးပင့်ထောင် ကစားသမားဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်မှ ကျောနံပါတ် ၄ မောင်အောင်မျိုးကျော်ကို လည်းကောင်း၊ တက္ကသိုလ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျောနံပါတ် ၉ မောင်အောင်အောင်ကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမျိုးသားပိုက်ကျော်ခြင်းတံခွန်စိုက်ဒိုင်းဆု ရရှိသည့် စစ်ကိုင်းတက္ကသိုလ် အသင်းကို လည်းကောင်း **(အောက်ဝဲပုံ)** ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံတွင် လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံတွင်လည်းကောင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲကို လေ့ကျင့်ရေးကွင်းအမှတ် ၁ နှင့် ကွင်းအမှတ် ၃ တွင်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်



**နေပြည်တော် ဇန်နဝါရီ ၁၃**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားမှုကို ကန့်ကွက်ရှုတ်ချပွဲများ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့ မြို့လယ်ကျောက်တိုင်ဘောလုံးကွင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၊ မိုင်းဖြတ်မြို့ အခြေခံပညာမူလတန်းကျောင်း (ဝမ်မိုင်) နှင့် မိုင်းဆတ်မြို့ သဗ္ဗညုဘုရားတို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြို့မအားကစားကွင်း၊ ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းနှင့် ကော့သောင်းမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းတို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေမုဋ္ဌောဘုန်းတော်ကြီးကျောင်းဝင်းနှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရခိုင်ဘုရားကြီးဝင်း၊ နတ်မောက်မြို့ ဗိုလ်တေဇဘောလုံးကွင်း၊ မြို့သစ်မြို့ မြို့မအားကစားကွင်းနှင့် သက်ရက်မြို့ ခရိုင်အားကစားကွင်း၌ လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြရာ သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။



ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "သာသနာကိုဖျက်ဆီးနေသော အကြမ်းဖက်သူပုန်များ(ကျရှုံးပါစေ)၊ လူသတ်အကြမ်းဖက်သူပုန်မှန်သမျှ(ဆန့်ကျင်ကြ)၊ မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား စော်ကားဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများ (ကျရှုံးပါစေ)၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ ဒို့ယဉ်ကျေးမှု ဖျက်ဆီးစော်ကားသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များ (အလိုမရှိ)၊ သာသနာဖျက်အကြမ်းဖက်သမားများ (အလိုမရှိ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲများသို့ သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မျိုးချစ်ပြည်သူများ တစ်ခဲနက် တက်ရောက် ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများအား ကန့်ကွက်ရှုတ်ချပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၃**

ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့်သာသနာဖျက် မိစ္ဆာများအား ကန့်ကွက်ရှုတ်ချပွဲကို ဘားအံမြို့ အမှတ်(၁) ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ယနေ့ ညနေ ၄နာရီ မိနစ် ၂၀ တွင် ကျင်းပပြုလုပ်သည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မျိုးချစ်ပြည်သူများက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ စုရပ်ပြု၍ မဲဘောင် ဘုန်းကြီးကျောင်းမှတစ်ဆင့် အမှတ်(၁) ကျောင်းကားလမ်းမအတိုင်း စီတန်းလှည့်လည်၍ "ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် မိစ္ဆာများအား ဆန့်ကျင်ကြ၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား ဆန့်ကျင်ကြ၊ အကြမ်းဖက်အားပေး လောက်ကောင်များအား အလိုမရှိ၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများကျဆုံးပါစေ" စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်ကာ အဆိုပါစာသားပါ ဆိုင်းဘုတ်များ၊ နိုင်ငံတော်အလံများ၊ သာသနာ့အလံများကိုင်ဆောင်၍ စီတန်း လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြပြီး အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်းအတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများအား ကန့်ကွက်ရှုတ်ချကြောင်း ဟောပြော၍ ကန့်ကွက်ရှုတ်ချပွဲကို ရုပ်သိမ်းခဲ့သည်။



ကန့်ကွက်ရှုတ်ချပွဲသို့ ဘားအံမြို့နယ်အတွင်းမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မျိုးချစ်ပြည်သူများ စုစုပေါင်းအင်အား ၁၇၀၀ ခန့်တို့က တစ်ခဲနက် တက်ရောက်ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စတင်အသက်ဝင်သည့်နေ့တွင် တပ်မတော်က လက်နက်ကြီး၊ တိုက်လေယာဉ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်နေကြောင်း ညီနောင် ၃ ဖွဲ့က တရားဝင်ကြေညာသည်ဟု ကောလာဟလသတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စတင်အသက်ဝင်သည့် နေ့တွင် တပ်မတော်က လက်နက်ကြီးများ၊ တိုက်လေယာဉ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်နေကြောင်း မြောက်ပိုင်းမဟာမိတ် ညီနောင်၃ဖွဲ့က ထုတ်ပြန်ကြေညာသည်ဟု သတင်းအမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများဖြစ်သည့် Khit Thit Media နှင့် DVB TV News တို့က လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက် ရှိကြောင်း တွေ့ရှိရသည်။

တပ်မတော်သည် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုရရှိပြီးချိန်မှစ၍ သဘောတူညီချက်များအတိုင်း ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ် (၃) ဖွဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုမှ ရလဒ်ကောင်းများ ထွက်ပေါ်လာမှုအပေါ် မနာလိုမရှုဆိတ်ဖြင့် မဟုတ်မမှန် ကောလာဟလသတင်းများ ထုတ်လွှင့်ကာ တပ်မတော် ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မောင်တောမြို့နယ်၊ မင်းပြားမြို့နယ်နှင့် အမ်းမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများကို တပ်မတော်က လက်နက်ကြီး၊ လေကြောင်းတို့ဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၁၁ ဦး သေဆုံးကာ ခြောက်ဦး ထိခိုက်ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မောင်တောမြို့နယ်၊ မင်းပြားမြို့နယ်နှင့် အမ်းမြို့နယ်တို့ရှိရပ်ကွက်၊ ကျေးရွာများကို တပ်မတော်က လက်နက်ကြီး၊ လေကြောင်းတို့ဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၁၁ ဦး သေဆုံးကာ ခြောက်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။


ဖြစ်စဉ်မှာ အဆိုပါမြို့များအနီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို AA သောင်းကျန်းသူများက အဝေးမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ Drop Bomb ချ တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့ပစ်ခတ်သည့် လက်နက်ကြီးကျည်များ၊ Drop Bomb ဗုံးများသည် ဒေသခံပြည်သူများ နေထိုင်ရာ မြို့ရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲမှုများ ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်များ ဆုံးရှုံးထိခိုက်စေသည့်အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် တပ်မတော်အပေါ် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက သတင်းတု သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**



## မွမ်ဘိုင်းမြို့၌ အိန္ဒိယနိုင်ငံ၏ အရှည်ဆုံး ပင်လယ်ကူးတံတား ဖွင့်လှစ်



**မွမ်ဘိုင်း ဇန်နဝါရီ ၁၃**

မွမ်ဘိုင်းကမ်းရိုးတန်းတစ်လျှောက် အိန္ဒိယနိုင်ငံ၏ အရှည်ဆုံးပင်လယ်ကူးတံတားကို ဖွင့်လှစ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။ အဆိုပါ တံတားစီမံချက်ကို ဂျပန်နိုင်ငံမှ ဘဏ္ဍာရေးနှင့် နည်းပညာထောက်ပံ့ ကူညီမှုဖြင့် တည်ဆောက်ပြီးစီးခဲ့ခြင်း ဖြစ်သည်။

၂၂ ကီလိုမီတာရှည်လျားသည့် Mumbai Trans Harbor Link တံတားကို သောကြာနေ့က အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။ ပင်လယ်ကူးတံတားသည် နိုင်ငံအနောက်ပိုင်းမှ မြို့၏ အလယ်ပိုင်းကို ပင်လယ်အော်ဖြတ်၍ ဧရိယာတစ်ခုနှင့် ချိတ်ဆက်ထားသည်။

တံတားဆောက်လုပ်မှုကို ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည်။ ကုန်ကျငွေ ၇၀ ရာခိုင်နှုန်းကျော်မှာ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ချေးငွေ ယန်း ၂၄၂ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့် ဖြစ်ကြောင်း သိရသည်။

တည်ဆောက်မှုတွင် ဂျပန်နည်းပညာဖြင့် တပ်ဆင်ထုတ်လုပ်ထားသော တံတားရက်မများ ပါဝင်သည်။ ဖွင့်ပွဲအခမ်းအနားတွင် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက တံတားတည်ဆောက်ရာ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသည့် ဂျပန်အစိုးရကို အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားသည်။

မွမ်ဘိုင်းမြို့သည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး စီးပွားရေးမြို့တော် ဖြစ်သည်။ လျင်မြန်စွာ ဖြစ်ထွန်းလာသော မြို့ပြဧရိယာတွင် လူပေါင်း ၁၈ သန်းခန့် နေထိုင်လျက်ရှိပြီး အဆိုပါ တံတားက ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှုကို လျှော့ပါးသက်သာစေဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**



လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

## ဂါဇာပဋိပက္ခဖြစ်ပွားသည့်အချိန်မှစကာ ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးကို စစ်ဆင်ရေး ၇၀၀ နီးပါးလုပ်ဆောင်

**ဘေရွတ် ဇန်နဝါရီ ၁၃**

လက်ဘနွန်လက်နက်ကိုင်အဖွဲ့ ဟစ်ဇ်ဘိုလာသည် လွန်ခဲ့သည့် သုံးလကျော်အတွင်း လက်ဘနွန်နိုင်ငံတောင်ပိုင်းနယ်စပ်တစ်လျှောက် အစ္စရေးကို ဆန့်ကျင်သည့် ထိုးစစ်ဆင်မှု ၆၇၂ ခုလုပ်ဆောင်ခဲ့ကြောင်း ဇန်နဝါရီ ၁၂ ရက်က ကြေညာခဲ့သည်။

အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအဖွဲ့က ပြီးခဲ့သည့်နှစ် အောက်တိုဘာလ အစ္စရေး-ဟားမားစ်ပဋိပက္ခစတင်ဖြစ်ပွားသည့် အချိန်မှစကာ အစ္စရေး၏ နယ်စပ်နေရာ ၁၂ နေရာနှင့် စစ်ဘက်ဆိုင်ရာနေရာ ၅၀ ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

လက်ဘနွန် - အစ္စရေးနယ်စပ်တွင် ဇန်နဝါရီ ၁၂ ရက်က ထိပ်တိုက်တွေ့ဆုံမှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး အစ္စရေးတပ်ဖွဲ့က ပစ်ခတ်မှုကြောင့် လက်ဘနွန် နိုင်ငံသားတစ်ဦး အပြင်းအထန်ဒဏ်ရာရရှိကြောင်း လက်ဘနွန်တပ်ဖွဲ့က ပြောကြားသည်။။

ဟစ်ဇ်ဘိုလာအဖွဲ့နှင့် အစ္စရေးတပ်ဖွဲ့ကြား ထိပ်တိုက်တွေ့ဆုံမှုများကြောင့် ယခုအချိန်အထိ ဟစ်ဇ်ဘိုလာအဖွဲ့ဝင် ၁၅၈ ဦးနှင့် နိုင်ငံသား ၃၇ ဦး အပါအဝင် လက်ဘနွန်ဘက်မှ ၂၁၇ ဦးသေဆုံးခဲ့ကြောင်း လက်ဘနွန်လုံခြုံရေး သတင်းအရင်းအမြစ်များက ပြောကြားသည်။

**ဆင်ဟွာ**

## ယီမင်ရှိ ဟူသီရေဒါစခန်းကို အမေရိကန်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန် စစ်တပ်သည် ရေကြောင်းသွားလာရေးသင်္ဘောများအား အဖွဲ့၏ တိုက်ခိုက်နိုင်စွမ်း လျော့နည်း သွားစေရန်အတွက် ယီမင်ရှိ ဟူသီရေဒါစခန်း တစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၃ ရက်က ယီမင် စံတော်ချိန် နံနက် ၃ နာရီ ၄၅ မိနစ်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဗဟိုဌာနချုပ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် အဆိုပါထုတ်ပြန်ချက်၌ ထိုတိုက်ခိုက်မှုကို တိုမာဟော့ခ်ခရုဇ်ဒုံးကျည် အသုံးပြု၍ USS Carney စစ်သင်္ဘောက တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

USS Carney သင်္ဘောကို ပင်လယ်နီတွင် ဖြန့်ကြက်ထားကြောင်း သိရသည်။ ယခုဒုံးကျည် ပစ်ခတ်တိုက်ခိုက်မှုသည် သောကြာနေ့က ဟူသီပစ်မှတ်အများအပြားကို ဗြိတိန်တပ်ဖွဲ့နှင့် ပူးတွဲတိုက်ခိုက်မှု၏ နောက်ဆက်တွဲ တိုက်ခိုက်မှု ဖြစ်ကြောင်းလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## လစ်ဗျားနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် ရေနံစိမ်းစည်ပေါင်း ၄၃၂ သန်း ထုတ်လုပ်နိုင်ခဲ့

**ထရီပိုလီ ဇန်နဝါရီ ၁၃**

လစ်ဗျားနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ရေနံစိမ်းစည်ပေါင်း ၄၃၂ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်း (အင်န်အိုစီ) က သောကြာနေ့တွင် ပြောသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့သည် လစ်ဗျားနိုင်ငံ၏ အဓိက ဝင်ငွေရင်းမြစ်များ ဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သော နှစ်များအတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ရေနံလုပ်ငန်းများ၊ ဆိပ်ကမ်းများ ပိတ်သိမ်းရခြင်းက စက်မှုလုပ်ငန်းများကို ထိခိုက်နစ်နာခဲ့သည်။

**ဆင်ဟွာ**



ထိုင်းနိုင်ငံ၌ ပျက်ကျသွားသည့် လေယာဉ်ငယ်ကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံ၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ၊ တစ်ဦးသေဆုံး၊ တစ်ဦး ပြင်းထန်ဒဏ်ရာရ

**ဘန်ကောက် ဇန်နဝါရီ ၁၃**

ထိုင်းနိုင်ငံအရှေ့ပိုင်း၌ ဇန်နဝါရီ ၁၃ ရက်တွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျမှု ဖြစ်ပွားသဖြင့် ယာဉ်ပေါ်ပါ တစ်ဦးသေဆုံးပြီး အခြားတစ်ဦးမှာ ဒဏ်ရာရရှိကြောင်း ဒေသတွင်း မီဒီယာများက ထုတ်ပြန်ထားသည်။

### လယ်ကွင်းတစ်ခု၌ပျက်ကျ

အင်ဂျင်တစ်ခုသာ တပ်ဆင်ထားသည့် အဆိုပါ လေယာဉ်မှာ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က ချောင်ဘူရီပြည်နယ်ရှိ လယ်ကွင်း တစ်ခု၌ ပျက်ကျခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ထားသည်။

လေယာဉ်ပျက်ကျမှုကြောင့် လူတစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် ဒေသတွင်းဆေးရုံတစ်ခုသို့ ပို့ဆောင်ထားကြောင်း ထိုင်းအသံလွှင့်ဌာန ပီဘီအက်စ်က ထုတ်ပြန်ထားသည်။

### ကွင်းပြင်၌ ဆင်းသက်ရန် ကြိုးပမ်းခဲ့

လေယာဉ်ငယ်မှာ ကွင်းပြင်၌ ဆင်းသက်ရန် ကြိုးပမ်းခဲ့သော်လည်း အရှိန်မထိန်းနိုင်ဘဲ မြေပြင်သို့ မရောက်မီ သစ်ပင်တစ်ပင်နှင့် တိုက်မိခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။ **ဆင်ဟွာ**

# ကိုဗစ် - ၁၉ ဗီဇပြောင်း မျိုးကွဲကြောင့် ထပ်မံလှုပ်ခတ်လာတဲ့ နောက်ထပ် ကိုဗစ် - ၁၉ လှိုင်းဂယက်

ထွန်းကျော်

**လတ်**တလောမှာ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲကြောင့် ကမ္ဘာ့နိုင်ငံတစ်ဝန်းမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ထပ်မံတွေ့ရှိခဲ့ပါတယ်။ ဗီဇပြောင်းမျိုးကွဲကူးစက်ဖြစ်ပွားမှုဟာ အမေရိကန်မှသည် ဥရောပ ထိုမှတစ်ဖန် အာရှ၊ အရှေ့တောင်အာရှအထိ လွှမ်းမိုးလာခဲ့တာဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေ အထွတ်အထိပ်ကိုရောက်လာတဲ့အတွက် စင်ကာပူနိုင်ငံရဲ့ ဆေးခန်းတွေဟာ နောက်ထပ် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု တစ်ရှိန်ထိုး မြင့်တက်လာတဲ့အပေါ် ပြင်ဆင်မှုတွေလုပ်ဆောင်နေကြပြီဖြစ်ပါတယ်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားတဲ့ လူနာတွေ မြင့်တက်လာတာကို Healthway Medical နဲ့ OneCare Medical အဖွဲ့တွေဟာ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြပါတယ်။ သို့သော်လည်း ဒါတွေဟာ ခရစ္စမတ်ကာလနဲ့ နှစ်သစ်ကူးကာလမှာ အနည်းငယ် ကျဆင်းခဲ့ပြီးတော့ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကတော့ စင်ကာပူနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲတွေကို တွေ့ရှိခဲ့ကြပါတယ်။

### ဆေးဝါးထောက်ပံ့မှုတွေကို ပိုပြီးထောက်ပံ့ဖို့ စီစဉ်ထား

နိုင်ငံတွင်းမှာရှိတဲ့ သက်ဆိုင်ရာဆေးခန်းတွေမှာ ကိုဗစ်-၁၉ ကူးစက်မှုတွေများလာတယ်လို့ ဆရာဝန်တွေက သတိပေးထားပါတယ်။ ရှေ့လာမယ့်လတွေမှာ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာမယ့်အပေါ် လူ့စွမ်းအားအရင်းအမြစ်တွေနဲ့ ဆေးဝါးထောက်ပံ့မှုတွေကို ပိုပြီးထောက်ပံ့ဖို့ စီစဉ်ထားကြပါတယ်။

လတ်တလော နိုင်ငံတစ်ဝန်းမှာရှိတဲ့ Healthway Medical ဆေးခန်းပေါင်း ၅၇ ခန်းကို အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ဖြစ်ပွားလို့ လာပြတဲ့လူနာအရေအတွက်ဟာ တစ်နေ့ကို ၅၀ မှ ၆၀ လောက်အထိ ရှိပါတယ်။ ဒါဟာ ပုံမှန်လူနာထက် ၁၀ ရာခိုင်နှုန်းများလာတဲ့သဘောဖြစ်ပါတယ်။

### မျှော်လင့်သလောက်ဆိုးလာမယ့်သဘောမဟုတ်

စင်ကာပူနိုင်ငံ OneCare Medical အဖွဲ့အစည်းက နိုင်ငံတစ်ဝန်းမှာရှိတဲ့ သူ့ရဲ့ဆေးခန်း ၃၈ ခန်းမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတဲ့ လူနာအရေအတွက်ဟာ ပုံမှန်အခြေအနေမှာရှိတယ်လို့ ဆိုပြန်ပါတယ်။ ဒါဟာ ရှေ့လာမယ့်ရာသီမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ မျှော်လင့်သလောက်တော့ ဆိုးလာမယ်ဆိုတဲ့သဘော မဟုတ်ဘူးဆိုတာကို တွေ့ရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ အသစ်တွေ့ရှိတဲ့ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲတွေဟာ ပြည်သူ့ကျန်းမာရေးကို ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေနည်းပါးတယ်လို့ သိရပါတယ်။ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲပိုးဟာ ကူးစက်ပျံ့နှံ့မှုမြန်သော်လည်း ရောဂါပြင်းထန်ခြင်းမရှိပါဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆက်လက်ဖော်ပြထားပါတယ်။

စင်ကာပူနိုင်ငံမှာ လတ်တလောတွေ့ရှိခဲ့တဲ့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲကတော့ Omicron JN.1 နဲ့ EG.5.1.8 မျိုးကွဲတွေပဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲတွေကတော့ SARS-CoV-2 အိုမီခရွန်မျိုးကွဲတွေပဲဖြစ်ပါတယ်။




စင်ကာပူနိုင်ငံ၌ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်၍ သွားလာနေကြသူများကို တွေ့ရစဉ်။

### ကူးစက်မှုလျော့ကျပြီးမှ အတက်ဘက်ရောက်လာ

စထရိတ်တိုင်းမ်ရဲ့ဖော်ပြချက်အရတော့ ဒီဇင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၃၀ ရက်ကြားမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတဲ့ လူနာအရေအတွက်ဟာ ၄၉၆ ဦးရှိပြီးတော့ ဒီဇင်ဘာ ၂၄ ရက်ရဲ့ ရှေ့ပိုင်းသီတင်းပတ်မှာတော့ ဆေးရုံတက်ရောက်ခဲ့တဲ့လူနာအရေအတွက်ဟာ ၈၆၄ ဦး ရှိပါတယ်။ ဒီဇင်ဘာလရဲ့ တတိယသီတင်းပတ်မှာ ၂၃ ဦး အထူးကြပ်မတ်ကုသဆောင်မှာ ဆေးကုသမှုခံယူရတာနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဒီဇင်ဘာလရဲ့ နောက်ဆုံးသီတင်းပတ်မှာ ၁၃ ဦးပဲ အထူးကြပ်မတ်ကုသဆောင်မှာ ဆေးကုသမှုခံယူခဲ့တာဖြစ်တဲ့အတွက် ကူးစက်မှု လျော့ကျလာခဲ့တယ်လို့ ပြောရမှာဖြစ်သော်လည်း ၂၀၂၄ ခုနှစ် နှစ်စမှာတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ အတက်ဘက်ကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

အမေရိကန်ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဌာနရဲ့ အဆိုအရ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ JN.1 ဟာ အမေရိကန်ပြည်ထောင်စုနဲ့ ကမ္ဘာတစ်ဝန်းလုံးမှာ အဓိကကူးစက်ပျံ့နှံ့နေတဲ့ ဗီဇပြောင်းမျိုးကွဲဖြစ်ပါတယ်။

ထို့အတူ ဥရောပမှာလည်း အဓိကလွှမ်းမိုးကူးစက်တဲ့ မျိုးကွဲဖြစ်ပြီး အာရှမှာလည်း သူပဲ လွှမ်းမိုးကူးစက်နေတာဖြစ်ပါတယ်။ ဒီဇင်ဘာလတုန်းကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က JN-1 အမျိုးအစားကို စိတ်ဝင်စားစရာကောင်းသော ဗီဇပြောင်းမျိုးကွဲအဖြစ် သတ်မှတ်ခဲ့ပါတယ်။

### ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ အသင့်အနေအထားရှိနေ

ကမ္ဘာ့နိုင်ငံတစ်ဝန်းကူးစက်ဖြစ်ပွားနေတဲ့ ဗီဇပြောင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ သတိမထားမိဘူးဆိုရင်တော့ ကြောက်စရာကောင်းတဲ့ တစ်ကျော့ပြန်ကပ်ရောဂါအသွင်ဖြစ်လာဖို့ရှိပေမယ့် အခုတော့ ဒါတွေဟာ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ ကမ္ဘာ့နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျန်းမာရေးအဖွဲ့တွေဟာ ဒါတွေကို သတိကြီးစွာထားပြီး အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းလျက်ရှိပါတယ်။ ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့တဲ့အချိန်ကလို ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို စောင့်နေစရာမလိုတော့ပါဘူး။ နိုင်ငံအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေလည်း အသင့်အနေအထားရှိနေသလို ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလည်း အင်အားဖြည့်တင်းထားတဲ့အတွက် အရင်ကလို ကျန်းမာရေးစောင့်ရှောက်မှုမှာ မနိုင်ဝန်ထမ်းရတဲ့ ပုံစံမျိုးလည်း မတွေ့မြင်နိုင်တော့ပါဘူး။ ကိုဗစ်-၁၉ ဆိုတာ အခုတော့ ကြောက်စရာကောင်းတဲ့ ကပ်ရောဂါတစ်ခုမဟုတ်တော့ဘူးလို့တောင် ဆိုရမှာပါ။

ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲတွေကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ပြန်လည်တွေ့ရှိခဲ့သော်လည်း ဒါတွေကို အလွန်ကြီး စိုးရိမ်စရာမလိုဘူးလို့တော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖော်ပြထားပါတယ်။ ကူးစက်မှုပိုမြန်သော်လည်း အသက်အန္တရာယ်စိုးရိမ်ရလောက်တဲ့အထိ ကြောက်စရာမကောင်းပါဘူး။ သို့သော်လည်း ပေါ့ဆလို့တော့ မရပါဘူး။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဟာ ရောဂါပြင်းထန်မှုမှ ကာကွယ်ဖို့ ထိရောက်လှတဲ့အတွက် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ခံယူရန် လိုအပ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ တိုက်တွန်းထားပါတယ်။ ။

ကိုးကား - စီအင်န်အေ

❖ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ အသစ်တွေ့ရှိတဲ့ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်း မျိုးကွဲတွေဟာ ပြည်သူ့ကျန်းမာရေးကို ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေ နည်းပါးတယ်လို့ သိရပါတယ်။ ကိုဗစ်-၁၉ဗီဇပြောင်းမျိုးကွဲ ပိုးဟာ ကူးစက်ပျံ့နှံ့မှုမြန်သော်လည်း ရောဂါပြင်းထန်ခြင်းမရှိပါဘူးလို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဆက်လက်ဖော်ပြထား**

◆ **ကမ္ဘာ့နိုင်ငံတစ်ဝန်းကူးစက်ဖြစ်ပွားနေတဲ့ ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ သတိမထားမိဘူး ဆိုရင်တော့ ကြောက်စရာကောင်းတဲ့ တစ်ကျော့ပြန် ကပ်ရောဂါအသွင်ဖြစ်လာဖို့ရှိပေမယ့် အခုတော့ ဒါတွေဟာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ကမ္ဘာ့နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျန်းမာရေးအဖွဲ့တွေဟာ ဒါတွေကို သတိကြီးစွာထားပြီး အကောင်းဆုံးကိုင်တွယ် ဖြေရှင်းလျက်ရှိပါတယ်။ ကိုဗစ်-၁၉ စတင်ကူးစက် ဖြစ်ပွားခဲ့တဲ့အချိန်ကလို ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို စောင့်နေစရာမလိုတော့ပါဘူး။ နိုင်ငံအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေလည်း အသင့် အနေအထားရှိနေသလို ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလည်း အင်အားဖြည့်တင်းထားတဲ့အတွက် အရင်ကလို ကျန်းမာရေးစောင့်ရှောက်မှုမှာ မနိုင်ဝန်ထမ်းရတဲ့ ပုံစံမျိုးလည်း မတွေ့မြင်နိုင်တော့ပါဘူး**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

**ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ သန့်ရှင်းသပ်ရပ်ပြီး ခြင်၊ ယင်၊ ပေါက်ပွားမှု မရှိစေရေးနှင့် ဆေးရုံတက်ရောက် ကုသနေသောလူနာများအား လေကောင်းလေသန့်ရရှိစေရေး အားတက်သရော ဆောင်ရွက်လျက်ရှိသည်။**

**သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ရေတာရှည်မြို့နှင့် အုတ်တွင်းမြို့တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဆေးရုံးဝင်း အတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။



**လိုက်လံကြည့်ရှု**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာပေနှင့်သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေး

**ပြည် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ ပူးပေါင်း၍ "စာပေနှင့် သတင်းမီဒီယာဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ" ကို ယနေ့နံနက် ၁၀ နာရီက ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

**ဟောပြောဆွေးနွေး**

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းမီဒီယာကောင်စီ၏ ဦးတည်ချက်၊ ကျင့်ဝတ်များနှင့် သတင်းမီဒီယာသမားများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချပြရှင်းလင်း ဆွေးနွေးသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)က သတင်းမီဒီယာသမားများ၏ လုပ်ငန်းနှင့် တာဝန်ဝတ္တရားများ၊ သတင်းတု၊ သတင်းမှားများ အန္တရာယ်နှင့် သတင်းမှန် စိစစ်ခွဲခြားနည်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)(**အပေါ်ပုံ**)က စာပေလောကသားများ သိရှိထားသင့်သည့် စာပေဆိုင်ရာဝေါဟာရများ၊ အသုံးအနှုန်းများနှင့် သတင်းမီဒီယာဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးသည်။

**စာအုပ်စာစောင်များလှူဒါန်း**

ထို့နောက်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် သတင်းမီဒီယာကျင့်ဝတ်၊ စာအုပ်စာစောင်များနှင့် ဂျာနယ်များအား ပြည်ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးထံ လှူဒါန်းပေးအပ်ရာ ခရိုင်ဦးစီးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**စာပေဝါသနာရှင်များတက်ရောက်**

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(ရန်ကုန်) မှ အဖွဲ့ဝင်များ၊ ပြည်ခရိုင် သတင်းမီဒီယာအေဂျင်စီများ၊ ပြည်မြို့နယ် စာရေးဆရာအသင်း အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ စုစုပေါင်း ၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

# သုံးနှစ်ဆက်တိုက် ပထမတံခွန်စိုက် ဆုဖလားရရှိသည့် အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး စက်ဘီးအသင်းအား ကြိုဆိုဂုဏ်ပြု

**မန္တလေး ဇန်နဝါရီ ၁၃**

၂၀၂၃ - ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး စက်ဘီးပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆု၊ အမျိုးသမီး တံခွန်စိုက်ဆု၊ စုပေါင်းတံခွန်စိုက်ဆုများ ရရှိခဲ့ကြသည့် အောင်ပွဲရမန္တလေးတိုင်းဒေသကြီး စက်ဘီးအသင်းအား ကြိုဆိုဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၂ ရက် ညနေပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းရှိ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင်ပြုလုပ်ရာ အောင်ပွဲရ အသင်းအား တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ အား/ကာသိပ္ပံကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီအတွင်းရေးမှူးဦးမင်းမင်းဟန်နှင့် တာဝန်ရှိသူများ၊ အောင်ပွဲရ စက်ဘီးအသင်းမှ မိသားစုများ၊ ဝန်ထမ်းများက ပန်းစည်းများ ပေးအပ်၍ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်ထံ အောင်ပွဲရ စက်ဘီးအသင်းက အမျိုးသားတံခွန်စိုက်ဆု၊ အမျိုးသမီးတံခွန်စိုက်ဆုနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားများ အပ်နှံကြပြီး တိုင်းဒေသကြီး ဦးစီးမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ တိုင်းဒေသကြီး စက်ဘီးအသင်း အုပ်ချုပ်သူက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်အောင်ပွဲရမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ၂၀၂၃ - ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး စက်ဘီးပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့ရာ ပြည်နယ်နှင့်တိုင်းများမှ အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး မန္တလေးတိုင်းအသင်းအနေဖြင့် အမျိုးသားအသင်းက ရွှေ တစ်ဆု၊ ငွေနှစ်ဆုနှင့် ကြေးတစ်ဆုဖြင့် ပထမ တံခွန်စိုက်ဆုကိုလည်းကောင်း၊ အမျိုးသမီးအသင်းက ရွှေတစ်ဆု၊ ငွေသုံးဆုနှင့် ကြေးတစ်ဆုဖြင့် ပထမ တံခွန်စိုက်ဆုကိုလည်းကောင်း၊ စုပေါင်းတံခွန်စိုက် ဆုဖလားကြီးကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ထို့အပြင် မီတာ ၁၀၀၀ စက်ဘီးစီးပြိုင်ပွဲတွင် မန်းတိုင်းလက်ရွေးစင် ကစားသမား မောင်ရိုင်းထက်အောင်က ယမန်နှစ်က ၎င်းရရှိထားသော စံချိန် ၁မိနစ် ၀၇ စက္ကန့်ကို ယခုနှစ်တွင် ၁ မိနစ် ၀၂ စက္ကန့်ဖြင့်လည်းကောင်း၊မီတာ ၅၀၀ စက်ဘီးစီးပြိုင်ပွဲတွင် ယခင်နှစ်က တနင်္သာရီက ၄၂ ဒသမ ၀၉ စက္ကန့်ဖြင့် ရရှိထားသော စံချိန်ကို မကြယ်စင်လင်းလက်က ၄၁ ဒသမ ၈၄ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့ကြသည့်အပြင် အကောင်းဆုံးသစားသမားဆုကို မောင်ရိုင်းထက်အောင်က ရရှိပြီး အမျိုးသားအသင်းက သုံးနှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလား ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်း)**





# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၇ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၇ ဒသမ ၆ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေ ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် (ည)ရပ်ကွက် ၁၄၀(C)လမ်း ၆၇ x ၆၈ လမ်းကြားတွင် လှသိန်း(ခ)စိုင်းမောင်သိန်း မောင်းနှင်လာသည့် TOYOTA HARRIER မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဆပ်ပြာခွက် ၁၇၆၀ ဖြင့်ထည့်လျက် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၇ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ည ၇ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက် ၁၁၀ လမ်းနှင့် ၇၃ လမ်းထောင့်တွင် သိမ်းဆည်းရမိ ဘိန်းဖြူများသယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ဇော်ဝင်းထွဋ်နှင့် ရဲမင်းလှိုင်တို့ နှစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိဘိန်းဖြူများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ချောင်းသာကမ်းခြေ ပင်လယ်ပြင်ပေါ်မှာ ပါရာဆေးလ်လင်း လေထီးစီးကြမယ်

ယဉ်လာဒ်၊ ဓာတ်ပုံ BOB



အရင်ကဆိုရင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်ကြတဲ့ ထိုင်းနိုင်ငံ ဖူးခက်၊ ပတ္တယားနဲ့ အင်ဒိုနီးရှား ဘာလီတို့မှာပဲ ပင်လယ်ပြင်ပေါ် လေထီးစီးခြင်း (ပါရာဆေးလ်လင်း-parasailing) ကို လုပ်လို့ရပေမယ့် အခုဆိုရင် မြန်မာနိုင်ငံရဲ့ ပြည်တွင်းခရီးသွားတွေ အများဆုံးသွားလာကြတဲ့ ချောင်းသာကမ်းခြေမှာလည်း လေထီးစီးခြင်းကို ပြုလုပ်နိုင်နေပြီဖြစ်ပါတယ်။

ချောင်းသာကမ်းခြေမှာ လေထီးစီးခြင်းအပြင် ရေပြင်ပေါ်မှာပြုလုပ်ရတဲ့ လှုပ်ရှားမှုမျိုးစုံကိုပါ လက်ရှိမှာ ပြုလုပ်လို့ရနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ ချောင်းသာကမ်းခြေကို အလည်ရောက်ဖြစ်ခဲ့ရင် ပင်လယ်ပြင်ပေါ် လေထီးစီးတာကို စမ်းသပ်ချင်တဲ့ ခရီးသွားချစ်သူတို့အတွက် မျှဝေဖော်ပြပေးချင်ပါတယ်။

ချောင်းသာကမ်းခြေဟာ ပင်လယ်စာပေါများပြီး ပြည်တွင်းခရီးသွားတွေရဲ့ သည်းခြေကြိုက် ကမ်းခြေတစ်ခုလို့တောင် တင်စားလို့ရပါတယ်။ ကမ်းခြေဟာတိုပြီး ပင်လယ်စာပေါများတာကြောင့် နေ့ချင်းပြန်လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေ၊ စည်ပင်နဲ့ ဟိုတယ်တွေမှာ ညအိပ်ညနေတည်းခိုရင်းလာကြတဲ့ ခရီးသွားဧည့်သည်တွေ စုစုပေါင်း တစ်ရက်ကို ပျမ်းမျှဧည့်သည် ၄၀၀၀ နီးပါး ဝင်ရောက်တယ်လို့ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန (ချောင်းသာ)မှ တာဝန်ရှိသူက စာရေးသူကို ပြောပြပါတယ်။

ကမ်းခြေကို ခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်လည်ပတ်စေဖို့ Activity တွေများစွာကို ကမ်းခြေအခြေစိုက် ဟိုတယ်လုပ်ငန်းရှင်တွေကလည်း ဝန်ဆောင်မှုပေးလာကြပါတယ်။ အရင်ကတော့ ချောင်းသာကမ်းခြေမှာ စပိဘုတ်စီးခြင်း၊ ငှက်ပျောသီးလှေ(Banana boat)အပျော်စီးခြင်းတွေကိုသာ လုပ်နိုင်ကြပေမယ့် အခုဆိုရင် လေထီးစီးခြင်းကိုပါ လုပ်နိုင်တဲ့အထိ တိုးတက်လာခဲ့ပြီဖြစ်ပါတယ်။

"ချောင်းသာကမ်းခြေအခြေစိုက် နယူးချောင်းသာဟိုတယ်နဲ့ Best Ocean Bay (BOB)တို့ အကျိုးတူပူးပေါင်းပြီး အခုလို Activity ကို စတင်အကောင်အထည်ဖော်ခဲ့တာဖြစ်ပါတယ်"လို့ နယူးချောင်းသာဟိုတယ်မှ Operation Manager ဒေါ်နှင်းရီဦးက စာရေးသူကို ပြောပါတယ်။

နိုင်ငံပိုင်ဟိုတယ်တစ်လုံးဖြစ်တဲ့ နယူးချောင်းသာဟိုတယ်ကို မြေလေးကေပေါ်မှာ တည်ဆောက်ထားပြီး လက်ရှိမှာတော့ အခန်းပေါင်း ၁၀၀ ကျော်ရှိပြီး အခန်းအမျိုးအစားအလိုက် တစ်ညတည်းခိုခက ကျပ် ၁၃၀၀၀၀ ကနေ လေးသိန်းအထိရှိပါတယ်။ နယူးချောင်းသာဟိုတယ်မှာ လာရောက်တည်းခိုကြတဲ့ ဧည့်သည်တွေအတွက် ဝန်ဆောင်မှုတွေပေးချင်လို့ အခုလိုမျိုး စတင်အကောင်အထည်ဖော်လာခဲ့ရာကနေ တဖြည်းဖြည်း လူသိများလာခဲ့တာ ဖြစ်ပါတယ်။

> "
> **လေထီးစီးခြင်းကို ကိုယ်အလေးချိန် ပေါင် ၂၈၀ ကျော်ရင် စီးလို့မရဘူးလို့ သတ်မှတ်ထားပါတယ်။ ဒါ့အပြင် လေထီးစီးတဲ့သူကို မစီးခင်မှာ ကျန်းမာရေးပိုင်းနဲ့ပတ်သက်လို့ စစ်ဆေးပြီး စီးတဲ့ဧည့်သည်က သဘောတူကြောင်းကို လက်မှတ်ထိုးပြီးမှသာ လေထီးစီးခြင်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးတယ်လို့ သိရပါတယ်။ လေထီးစီးတဲ့ဧည့်သည်ကို အသက်ကယ် အင်္ကျီဝတ်ဆင်ပေးထားသလို ပင်လယ်ပြင်တစ်လျှောက် ရေလွှာစီးဆိုင်ကယ် (Jet Ski) နှစ်စီးကလည်း အရန်လိုက်ပါပေးထားပါသေးတယ်**

"ကျွန်တော်တို့ရဲ့သူဌေးက ထိုင်းနိုင်ငံ ပတ္တယားကိုသွားလည်ခဲ့တုန်းက အဲဒီမှာ ခရီးသွားတွေ လေထီးစီးကြတာကို တွေ့မြင်ခဲ့ပါတယ်။ ငွေကုန်ကြေးကျများပြီး ပြည်ပကို သွားစီးစရာမလိုဘဲ ကိုယ့်နိုင်ငံထဲမှာလည်း စီးလို့ရနိုင်တာပဲဆိုတဲ့ စိတ်ကူးနဲ့စတင်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ ချောင်းသာပင်လယ်ပြင်မှာ ဘယ်လိုမျိုး စီးလို့ရနိုင်သလဲဆိုတာ ပညာရှင်တွေနဲ့တိုင်ပင်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်"လို့ BOB မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

လေထီးစီးခြင်းအတွက် သီးသန့်ပြုလုပ်ထားတဲ့ Boat ကို အော်ဒါမှာပြီး စမ်းသပ်လုပ်ကိုင်ခဲ့တာ သုံးလခန့် ကြာမြင့်ခဲ့ပြီးနောက် စတင်အကောင်အထည်ဖော် ပျံသန်းနေတာက သုံးလကျော်ရှိပြီဖြစ်ပါတယ်လို့ တာဝန်ရှိသူက ပြောပါတယ်။

ရေကြောက်တဲ့သူတွေလည်း ရေမစိုဘဲ လေထီးစီးခြင်းကို ပြုလုပ်နိုင်တဲ့အတွက် စီးဖူးသူတိုင်းက သဘောကျနှစ်ခြိုက်ကြတယ်လို့ ဆိုပါတယ်။ "အခုလိုမျိုး ဝန်ဆောင်မှုပေးဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း စာတင်ပြထားသလို ၂၀၂၃ အောက်တိုဘာ ၂၁ ရက်မှာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ စီးပွားရေးဝန်ကြီးတို့ လာရောက်စစ်ဆေးခဲ့ပါတယ်။ ချောင်းသာမှာတော့ ကျွန်တော်တို့တစ်ခုပဲရှိပါတယ်။ ငွေဆောင်မှာလည်း အခုလိုမျိုး ဝန်ဆောင်မှုပေးနေတာတစ်ခု ရှိပါသေးတယ်"လို့ BOB မှ တာဝန်ရှိသူက ပြောပြပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးဝန်ကြီး ဦးတင်အေးက "ဒါလုပ်တာကတော့ ခရီးသွားလုပ်ငန်းအတွက် ကောင်းပါတယ်။ ပုံမှန်ဆိုရင် ချောင်းသာကိုလာရင် ရေကူးမယ်၊ ပင်လယ်စာစားမယ်၊ ပြီးရင်ပြန်ကြမယ်။ အဲဒီလိုမျိုးကြာလာရင် ဧည့်သည်တွေအတွက် ရိုးအီသွားနိုင်ပါတယ်။ အခုလိုမျိုး Activity တွေရှိလာတာက ကောင်းပါတယ်။ ဒါပေမယ့် Safety ပိုင်းကို စိတ်ချရလားဆိုတာကိုတော့ မေးမြန်းထားပါတယ်။ အခုကတော့ ခွင့်ပြုချက်ယူတုန်းရှိနေပါသေးတယ်။ သူတို့ဘက်က စိတ်ချရတယ်လို့ဆိုရင် ခွင့်ပြုချက်ပေးသွားဖို့ ရှိပါတယ်''လို့ စာရေးသူကို ပြောပြပါတယ်။

''ခံနိုင်ဝန်ဆွဲအား ပေါင် ၆၀၀၀ လောက်ရှိတဲ့ကြိုးနဲ့ဆွဲပြီး တဖြည်းဖြည်း အပေါ်ကိုမြှင့်တင်ပါတယ်။ လေကြောင်းသင့်ရာကိုသွားရောက်ပြီး ရစ်ဘီးနဲ့ တဖြည်းဖြည်းတင်တယ်။ ပင်လယ်ကြီးကို ကောင်းကင်ပေါ်ကနေ၊ အပေါ်စီးကနေငုံ့ကြည့်ရတဲ့ ခံစားမှုကို ရရှိစေတယ်။ အပေါ်မှာ ငါးမိနစ်ကနေ ရှစ်မိနစ်အထိ ကြာမြင့်ပါတယ်။ အဲဒီနောက်မှာ ရစ်ဘီးနဲ့ တဖြည်းဖြည်း ရစ်ရစ်လာပြီး Boat ပေါ်ရောက်မှ ဆင်းပါတယ်။ သူ့ရဲ့ထူးခြားချက်က ရေလုံးဝမစိုဘူး။ Boat ပေါ်ကနေ လေထီးတက်တယ်။ Boat ပေါ်မှာပဲ ပြန်ဆင်းပါတယ်။ Safety ပိုင်းက ပိုပြီးစိတ်ချရတယ်''လို့ BOB မှ တာဝန်ရှိသူက စာရေးသူကို ပြောပါတယ်။ လေထီးစီးခြင်းကို ကိုယ်အလေးချိန် ပေါင် ၂၈၀ ကျော်ရင် စီးလို့မရဘူးလို့ သတ်မှတ်ထားပါတယ်။

ဒါ့အပြင် လေထီးစီးတဲ့သူကို မစီးခင်မှာ ကျန်းမာရေးပိုင်းနဲ့ပတ်သက်လို့ စစ်ဆေးပြီး စီးတဲ့ဧည့်သည်က သဘောတူကြောင်းကို လက်မှတ်ထိုးပြီးမှသာ လေထီးစီးခြင်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးတယ်လို့ သိရပါတယ်။ လေထီးစီးတဲ့ဧည့်သည်ကို အသက်ကယ် အင်္ကျီဝတ်ဆင်ပေးထားသလို ပင်လယ်ပြင်တစ်လျှောက် ရေလွှာစီးဆိုင်ကယ်(Jet Ski) နှစ်စီးကလည်း အရန်လိုက်ပါပေးထားပါသေးတယ်။

''စီးဖူးတဲ့သူတိုင်း ကြိုက်ကြတယ်။ တစ်နေ့ကို ဧည့်သည် ၁၀ ဦးလောက် စီးကြပါတယ်။ အခုထိဆိုရင် ဧည့်သည်ပေါင်း ၃၀၀ လောက် စီးဖူးပြီးပြီ''လို့ BOB မှ တာဝန်ရှိသူက စာရေးသူကို ပြောပြပါတယ်။ လေကြမ်းတဲ့ရက်တွေနဲ့ လှိုင်းမြင့်တဲ့ရက်၊ လှိုင်းကြမ်းတဲ့နေ့တွေဆိုရင် လေထီးစီးခြင်းကို နားလေ့ရှိပြီး ရာသီဥတုကောင်းမွန်မှသာ လေထီးစီးခြင်းကို ဝန်ဆောင်မှုပေးတယ်လို့ သိရပါတယ်။

နယူးချောင်းသာဟိုတယ်မှာ လာရောက်တည်းခိုတဲ့ ဧည့်သည်တွေအတွက် ငှက်ပျောသီးလှေ အပျော်စီးခြင်းကို အခမဲ့ စီးနင်းခွင့်ပေးထားပါသေးတယ်။ လေထီးစီးခြင်းကိုတော့ တစ်ဦးကို စီးခ ကျပ်တစ်သိန်း သတ်မှတ်ထားပါတယ်။ အခုနောက်ပိုင်းမှာတော့ ကမ်းခြေမှာ Sofa Boat & Donut Boat တွေကို အပျော်တမ်းစီးကြသူ များပြားလာတယ်လို့လည်း သိရပါတယ်။ ဒီလို အပျော်တမ်းလှုပ်ရှားမှုမျိုးစုံ ပြုလုပ်နိုင်တာကြောင့် ချောင်းသာကမ်းခြေကို ဧည့်သည်အများစု *စာမျက်နှာ ၁၇ သို့*



လေထီးကို စက်လှေပေါ်မှ စတင်လွှတ်တင်နေပုံ။



ကောင်းကင်အမြင့်သို့ ရောက်ရှိနေသော ပါရာဆေးလ်လင်း လေထီး။

# အေဒီ ၁၂ ရာစုမှ ကျောက်ဆစ်လက်ရာ မယ်တော်မာယာဖွားတော်မူခန်းပုံကို ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ လေ့လာနိုင်



**ညောင်ဦး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသို့ ဘုရားဖူးလာရောက်ခဲ့ပါက ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် သဲကျောက်ကို အေဒီ ၁၂ ရာစုလက်ရာဖြင့် လက်ရာမြောက်စွာ ထုဆစ်ထားသည့် မယ်တော်မာယာဖွားတော်မူခန်းပုံစံကို လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါ သဲကျောက်ဖြင့် ထုဆစ်ထားသည့်လက်ရာသည် အမြင့် ၁၁၅ စင်တီမီတာ၊ ဖြက် ၆၄ ဒသမ ၅ စင်တီမီတာ၊ ထု ၃၃ စင်တီမီတာရှိပြီး ပုဂံမြို့ဟောင်းရှိ မြင်းကပါ ဂူပြောက်ငယ်ဘုရားမှ ရရှိခဲ့ကာ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ပြသထိန်းသိမ်းထားခြင်းဖြစ်ကြောင်း၊ မယ်တော်မာယာသည် လုံမ္ဗိနီဥယျာဉ်အတွင်း၌ အင်ကြင်းကိုင်းကိုကိုင်မိလျက် မဟာပဇာပတိဂေါတမီက အစ်မတော်အား ဘယ်ဘက်ဘေးမှ ထောက်ကူလျက် အလောင်းတော်သည် မယ်တော်၏ လက်ယာနံတောင်းအထက်၌ ပေါ်ထွက်လာဟန်ကို သဲကျောက်ဖြင့် ထုဆစ်ပုံဖော်ထားခြင်းဖြစ်သည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးထဲတွင် အထူးပင်မပြခန်း၊ ပုဂံခေတ်ဗိသုကာပြခန်း၊ ပုဂံခေတ်လက်မှုအနုပညာပြခန်း၊ ပုဂံခေတ်နန်းမြို့ရိုးပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်း၊ ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်များပြခန်း၊ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်းနှင့် ပုဂံခေတ်နံရံဆေးရေး ပန်းချီပြခန်းစသည်ဖြင့် ပြခန်း ၁၀ ခန်း ခင်းကျင်းပြသထားကြောင်း သိရသည်။

**ဒီပါလင်း**

# မြိတ်ကျွန်းစုဒေသအတွင်းမှ ခရီးသွားလုပ်ငန်းများအနေဖြင့် ပြည်တွင်း ပြည်ပခရီးသွားများထက် ဒေသခံများကိုသာ ဆွဲဆောင်ပြီး လုပ်ငန်းလည်ပတ်



**မြိတ် ဇန်နဝါရီ ၁၃**

တနင်္သာရီ တိုင်းဒေသကြီး အတွင်းရှိ မြိတ်ကျွန်းစု ခရီးသွားလုပ်ငန်းများအနေဖြင့် ပြည်တွင်းပြည်ပခရီးသွားများထက် ဒေသခံများကိုသာ ဆွဲဆောင်ပြီး လုပ်ငန်းလည်ပတ်နေရကြောင်း သိရသည်။

ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်မှုနည်းပါးနေသည့်အတွက် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် ဒေသခံများကိုသာ ဆွဲဆောင်မှုပြုလုပ်ပြီး လုပ်ငန်းလည်ပတ်နေရကြောင်း သိရသည်။



"ဒေသခံတွေကို နေ့ကြီးရက်ကြီးတွေမှာစုပြီး အပန်းဖြေခရီးထွက်နိုင်အောင် ဈေးနှုန်းအနည်းငယ်နဲ့ လုပ်ဆောင်ပေးနေရတယ်။ ခရစ္စမတ်နေ့၊ နှစ်သစ်ကူးစတဲ့ရက်တွေပါ။ တရုတ်နှစ်သစ်ကူးနဲ့ သင်္ကြန်ပွဲတော်ရက်တွေမှာ တတ်နိုင်သလောက် စီစဉ်ပေးပြီးရင်တော့ ခရီးသွားဝန်ဆောင်မှုတွေ နားပါတော့မယ်။ နေ့ချင်းပြန်ခရီးစဉ်ဆိုပေမယ့် လူတစ်ဦးကို ငွေကျပ် တစ်သိန်းကျော်အထိ ကျသင့်နေတော့ ကျွန်တော်တို့လည်း အင်မတန်ခေါင်းခဲစရာတွေဖြစ်ပါတယ်။ ဝန်ဆောင်မှုလုပ်ပေးနေတဲ့ လုပ်ငန်းသုံးလေးခုလောက်ပဲရှိတော့တယ်။ ကမ်းခြေအလှတွေ မပျက်စီးသွားအောင် ထိန်းသိမ်းရတာတို့ စသဖြင့် တာဝန်တွေလည်း ကြီးပါတယ်" ဟု ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်း ခရီးသွား လာရောက်လည်ပတ်မှု နည်းပါးလာခြင်းနှင့် ပြည်ပခရီးသွားများ လာရောက် လည်ပတ်ခြင်း မရှိတော့သည့်အတွက် ခရီးသွားဝန်ဆောင်မှု ပေးနေသည့် လုပ်ငန်းများအနေဖြင့် ဒေသခံများကိုသာ ဆွဲဆောင်ပြီး လုပ်ငန်းလည်ပတ်နေရကြောင်းနှင့် မြိတ်ခရိုင်၌ ခရီးသွားဝန်ဆောင်မှုပေးနေသည့် လုပ်ငန်း ၄၀ ကျော်ရှိသော်လည်း ယခုအခါ အများစုရပ်နားထားကာ လုပ်ငန်းအနည်းငယ်မှာလည်း ဒေသခံများကိုသာ အားထားလည်ပတ်နေရကြောင်း သိရသည်။

တနင်္သာရီတိုင်း ဒေသကြီး မြိတ်ကျွန်းစု ဒေသအတွင်း ပြည်တွင်း ပြည်ပ ခရီးသွား ဧည့်သည်များအနေဖြင့် ရေပေါ်ရေအောက်ရှုခင်းများ၊ လှပသောသဲသောင်ပြင်များ ပါဝင်သည့် ကျွန်းများ၊ ဆလုံလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများနှင့် လူနေမှုဘဝနေထိုင်မှုပုံစံများကို လေ့လာနိုင်မည့်အပြင် ရေကူးခြင်း၊ ဒေသသုံးလှေငယ်များဖြင့် သဘာဝဒီရေတောများကိုလည်း လေ့လာနိုင်ခြင်း၊ ငါးမျှားခြင်း၊ ငါးဖမ်းလှေများဖြင့် လိုက်ပါ၍ ငါးဖမ်းခြင်း လုပ်ငန်းများကိုလည်း လေ့လာလည်ပတ်နိုင်မည်ဖြစ်ကြောင်းနှင့် ယခင်က ခရီးသွားအများစု စိတ်ဝင်တစားလည်ပတ်လေ့ရှိသော ကျွန်းများမှာ လေးကျွန်း၊ ဘေလီကျွန်း၊ ကြယ်လိပ်ကျွန်း၊ ဒုံးညောင်မှိုင်း၊ စမတ်ကျွန်း၊ ပဒန်းကျွန်းနှင့် ဒုံးရေတံခွန်တို့ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

*စာမျက်နှာ ၁၆ မှ*

လာရောက်လည်ပတ်နေကြတာ ဖြစ်ပါတယ်။

**ကမ်းခြေဂေဟစနစ်တွေပြန်လည်ကောင်းမွန်လာ**

ယခင်က ချောင်းသာကို ခရီးသွားဧည့်သည် သွားရောက်လည်ပတ်မှုက များပြားခဲ့ပါတယ်။ ဧည့်သည်များပြားလာတဲ့ နောက်ဆက်တွဲအနေနဲ့ ကမ်းခြေဂေဟစနစ်တွေ ပျက်စီးခဲ့ရပါတယ်။ ဒါပေမယ့် ကိုဗစ်ကာလတစ်လျှောက်မှာ ဧည့်သည်ဝင်ရောက်မှု နည်းပါးခဲ့တာမို့ ကမ်းခြေဂေဟစနစ်တွေ ပြန်လည်ကောင်းမွန်လာပြီး အမှိုက်ကင်းစင်လာတာကြောင့် သပ်ရှင်းသပ်ရပ်တဲ့ ကမ်းခြေတစ်ခု ပြန်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ရန်ကုန်မြို့ကနေ အချိန်ငါးနာရီခန့်နဲ့ ချောင်းသာကမ်းခြေကို ရောက်နိုင်တာကြောင့် ပွင့်လင်းရာသီကာလတွေမှာ ခရီးသွားဧည့်သည် အများဆုံးလာရောက်လည်ပတ်ကြတဲ့ ကမ်းခြေတစ်ခု ဖြစ်လာနေပါတယ်။ ခရီးသွားဧည့်သည်များပြားလာတာနဲ့အမျှ ကမ်းခြေမှာ ဟိုတယ်အသစ်တွေသာမက စိတ်ဝင်စားစရာ Activity တွေကိုပါ ဖြည့်ဆည်းပေးလာတာကြောင့် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လို ခရီးစဉ်တစ်ခု ဖြစ်နေဆဲပါ။

ပင်လယ်ပြင်အတွင်း ငှက်ပျောသီးလှေစီးနေကြသူများ။



ချောင်းသာကမ်းခြေရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကမ်းခြေကိုမှီခိုနေရတဲ့ ဒေသခံတွေသာမက ရေကြည်ရာမြက်နုရာကို ပြောင်းရွှေ့လာကြပြီး အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေအတွက်လည်း ခရီးသွားလုပ်ငန်းကနေ အကျိုးကျေးဇူးတွေ ခံစားစေရပါတယ်။

Win-Win ဖြစ်စေတဲ့ ခရီးသွားလုပ်ငန်းကို စနစ်တကျနဲ့ ပိုမိုတိုးတက်လာစေရန်ကလည်း အဓိကအရေးကြီးလှပါတယ်။ ဒါကြောင့် ချောင်းသာကမ်းခြေရောက်ရင် အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ဖို့အတွက် ချောင်းသာကမ်းခြေမှ ကျောက်မောင်နှမဘက်သွားရောက်တဲ့ လမ်းမဘေးမှာ ပင်လယ်ကမ်းခြေကို နောက်ခံထားပြီး We Love ChaungTha စာသားပါတဲ့ ဆိုင်းဘုတ်ကို နယူးချောင်းသာဟိုတယ်ပိုင်ရှင်က မတည်ပြီး ပြုလုပ်ထားပေးပါသေးတယ်။

လက်ရှိမှာတော့ ချောင်းသာကမ်းခြေကို အမှီပြုပြီး ဖွင့်လှစ်ထားတဲ့ ဟိုတယ် အလုံး ၄၀ ကျော်နဲ့ တည်းခိုခန်း ၅၉ လုံး ရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် အပျော်စီးဇိမ်ခံသင်္ဘော Moken Cruise ကလည်း ချောင်းသာကမ်းခြေအခြေစိုက်ပြီး ဂေါ်ရန်ဂျီကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း စတဲ့ ကျွန်းပတ်ခရီးစဉ်တွေ ပြုလုပ်ပေးမယ့် ဝန်ဆောင်မှုလည်း ရှိနေပါသေးတယ်။

ချောင်းသာကမ်းခြေရောက်ရင် အရင်လို ရေကူး၊ ပင်လယ်စာမျိုးစုံစားတာတွေ လုပ်နိုင်သလို အပျော်တမ်းလှုပ်ရှားမှု(water activity)အသစ်တွေအနက် လူကြိုက်များတဲ့ ပင်လယ်ပြင်ပေါ်လေထီးစီးခြင်းကိုပါ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ရပါတယ်။

## ရှမ်းတိုင်းရင်းသားများ၏ ရိုးရာဓလေ့ကျွဲခတ်ပြိုင်ပွဲ လာရောက်လည်ပတ်သူများဖြင့် စည်ကား



**မိုင်းယန်း ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်ရှိ ဒေသခံ ရှမ်းတိုင်းရင်းသားတို့၏ နှစ်စဉ်ကျင်းပလေ့ရှိသော ရိုးရာဓလေ့ကျွဲခတ်ပြိုင်ပွဲတော်ကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ (ကျွဲခတ်ကွင်း) မြို့နယ်အားကစားကွင်း၌ကျင်းပရာ ရပ်နီးရပ်ဝေးမှ လာရောက်လည်ပတ်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ကျွဲခတ်ပြိုင်ပွဲတော်သို့ မိုင်းယန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ယှဉ်ပြိုင်ကြပြီး မိမိတို့ယှဉ်ပြိုင်လိုသော ကျွဲများကို ကွင်းအတွင်းသို့ ခေါ်ဆောင်လာကာ တစ်ကောင်နှင့်တစ်ကောင် ခေါင်းချင်းဆိုင်တိုက်ခိုက်စေသည်။ ပြိုင်ပွဲဝင်ကျွဲနှစ်ကောင်အား သတ်မှတ်ထားသည့်နေရာများမှ တာထွက်စေပြီး အရှိန်အဟုန်ဖြင့် တိုက်ခိုက်ဌေယမ်းစေသည်။ ခွန်အားကြီးမားသည့် ကျွဲနှစ်ကောင်တိုက်ခိုက်နေရင်း သတ်မှတ်ထားသည့် ကွင်းစည်းအတွင်းမှ ထွက်ပြေးသော ကျွဲအားအရှုံးအဖြစ်သတ်မှတ်၍ အနိုင်ရရှိသော ကျွဲများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခြင်းဖြစ်သည်။

ရှမ်းရိုးရာဓလေ့ ကျွဲခတ်ပြိုင်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာတွင် ကျွဲမင်းကြီး၏ ရာဇဝင်မပျောက်ပျက်အောင် ကျွဲမင်းကြီးနေထိုင်သောဂူတွင် ကျွဲမင်းရုပ်တုကြီးနှင့်အတူ စေတီတစ်ဆူ၊ ဇရပ်တစ်ဆောင် တည်ဆောက်ကာ ထိန်းသိမ်းထားရှိပြီး ကျွဲခတ်ပြိုင်ပွဲတော်ကို နှစ်စဉ်ထုံးတမ်းအစဉ်အလာအရ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။


အဆိုပါ ရိုးရာဓလေ့ ကျွဲခတ်ပြိုင်ပွဲတော်ကို ဇန်နဝါရီ ၁၁ ရက်အထိ ပြိုင်ပွဲဝင်ကျွဲကောင်ရေ စုစုပေါင်း ၁၁ ကောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို မိုင်းယန်းမြို့နယ် ဝမ်ဟူရွာက လည်းကောင်း၊ ဒုတိယဆုကို ဝမ်ရှီရွာက လည်းကောင်း အသီးသီးရရှိခဲ့ကြကြောင်းနှင့် ထိုရိုးရာဓလေ့ ကျွဲခတ်ပြိုင်ပွဲတော်သို့ စစ်ဗျူဟာအဖွဲ့ (အခြေချ) မိုင်းခတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်အေးထွန်း၊ မိုင်းယန်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဇင်ဦးနှင့်ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပွဲဖြစ်မြောက်ရေးကော်မတီများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ရိုးရာဓလေ့ ကျွဲခတ်ပြိုင်ပွဲတော်ကို ဇန်နဝါရီ ၁၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မေရီငြိမ်း (မိုင်းယန်း)**

## နွေစပါးစိုက်ပျိုးနိုင်ရေး ဖြူးချောင်းရေလှောင်တမံမှ စိုက်ပျိုးရေများပေးဝေ

**ဖြူး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ၏ လက်ရှိအခြေအနေမှာ ကန်ရေအမှတ် ၄၅၂ ဒသမ ၃၅ ပေရှိပြီး နွေစပါးစိုက်ပျိုးနိုင်ရေး ရေပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



အဆိုပါ ဖြူးချောင်းရေလှောင်တမံသည် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၁၁၅ မိုင် လမ်းမကြီး အနောက်ဘက်တွင် တည်ရှိပြီး ၈-၁-၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်ကာ ရေသောက်ဧရိယာဧက ၉၀၀၀၀ အနက် ၁၇၃၈၉ ဧကအတွက် ယမန်နှစ်အထိ ရေပေးဝေနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်တောင်သူလယ်သမားများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး စတင်ရေပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ဖြူးမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးနိုင်ရေး ဒေသလျာထားမှု ၁၇၃၈၉ ဧကစိုက်ပျိုးရန်လျာထားပြီး အင်းအိုင်ရေဖြင့် ၄၀၉ ဧက၊ ချောင်းပိတ်ရေဖြင့် ၃၅၅၃ ဧက၊ ဆည်ရေဖြင့် ၁၃၄၂၇ ဧကရှိကြောင်း၊ နွေစပါးလျာထားမှုဧက ပြည့်မီရေး ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ် မျိုးသန့်ခြံ၌ ပိုက်ဆံလျှော် (သစ်စိမ်း)သဘာဝမြေသြဇာ ဧက ၃၀ စိုက်ပျိုးထား


**ပွင့်ဖြူ ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပွင့်ဖြူမြို့ မျိုးသန့်ခြံ၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးစေ့ထုတ်လယ်မြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်(သစ်စိမ်းမြေသြဇာ) ပင် ဧက ၃၀ ကို စိုက်ပျိုးထားရှိကြောင်း ခြံတာဝန်ခံ ဦးအောင်ချစ်ထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့ မျိုးသန့်ခြံက တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်မှာရှိတဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ စပါး၊ ကုလားပဲ၊ နေကြာ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းတွေ စိုက်ပျိုးပြီးတော့ ရရှိလာတဲ့ မျိုးသန့်မျိုးစေ့တွေကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါတယ်။ မျိုးစေ့ထုတ်စိုက်ခင်းတွေကို မျိုးသန့်ခြံက စိုက်ပျိုးလယ်ယာမြေ ဧက ၁၂၀ မှာ စနစ်တကျ စိုက်ပျိုးထုတ်လုပ်တာဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းများ ပိုမိုထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး အခုနှစ် ဆောင်းသီးနှံရာသီမှာ ပိုက်ဆံလျှော် (သစ်စိမ်းမြေသြဇာ) ဧက ၃၀ ကို စိုက်ပျိုးထားပါတယ်။ ၂၀၂၃ ဒီဇင်ဘာလဆန်းပိုင်းမှာ စတင်စိုက်ပျိုးခဲ့ပြီး ဒီဇင်ဘာလကုန်မှာ စိုက်ပျိုးပြီးစီးခဲ့ပါတယ်။ ပိုက်ဆံလျှော် စိုက်ပျိုးခြင်းဟာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုတာကြောင့် ဒေသတွင်းက တောင်သူတွေလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးစေချင်ပါတယ်"ဟု ခြံတာဝန်ခံက ပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)အနေဖြင့် ဒေသတွင်းရှိ တောင်သူများအတွက် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ရန် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲမျိုးစေ့ထုတ်စိုက်ခင်း ဧက ၈၀ နှင့် ရေဆင်း-၁ စပ်မျိုးနေကြာ မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက တို့ကိုလည်း စိုက်ပျိုးထားကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



## နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ အလုပ်အကိုင်အခွင့်အလမ်း အသိပညာပေးဟောပြော

**ကျောက်ဆည် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ် (ကျောက်ဆည်) အောင်ဆန်းခန်းမ၌ ဘွဲ့ရကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် အလုပ်ခေါ်ယူမှုဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ရွေးချယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို Myanmar Conch Cement ကုမ္ပဏီလီမိတက်နှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တို့ပူးပေါင်းပြီး ဇန်နဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)မှ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်အတွက် အားထားရသော ကျောင်းသားကျောင်းသူများဖြစ်စေရေးအတွက် နည်းပညာဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ဒေသအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများနှင့်ချိတ်ဆက်ကာ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် စက်မှုဇုန်နယ်မြေအတွင်းရှိ Myanmar Conch Cement ကုမ္ပဏီလီမိတက် အယ်လ်ဖာဘိလပ်မြေထုတ်လုပ်ရေးစက်ရုံမှ ဝန်ထမ်းရေးရာတာဝန်ခံ ဒေါ်လှိုင်နှင်းဝေက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ Myanmar Conch Cement ကုမ္ပဏီလီမိတက် အနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းပြီး ကျောက်ဆည်မြို့ စက်မှုဇုန်နယ်မြေ၊ မတ္တရာမြို့နှင့် ရန်ကုန်မြို့တို့တွင် အယ်လ်ဖာဘိလပ်မြေစက်ရုံများ တည်ဆောက်ကာ ဘိလပ်မြေများ ထုတ်လုပ်လျက်ရှိရာ ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး၊ ကုန်ထုတ်လုပ်မှုမြင့်မားရေးနှင့် တရုတ်နည်းပညာများ လက်တွေ့လေ့လာ သင်ယူနိုင်ကြောင်းနှင့် Myanmar Conch Cement ကုမ္ပဏီလီမိတက် ဖြစ်ပေါ်လာပုံများ၊ ကုမ္ပဏီလုပ်ငန်းများအကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူများအနေဖြင့် Myanmar Conch Cement ကုမ္ပဏီလီမိတက်တွင် ဝင်ရောက်လုပ်ကိုင်လိုပါက မိမိတို့သင်ယူတတ်မြောက်ထားသည့် နည်းပညာရပ်များနှင့် ကိုက်ညီသည့် နေရာများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)မှ ပါမောက္ခချုပ်နှင့်ဌာနမှူးများ၊ ပဉ္စမနှစ်၊ ဆဋ္ဌမနှစ် နည်းပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

**သက်မောင် (ကျောက်ဆည်)**

## ကာလိမြို့၌ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်း

**ကာလိ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရိုန်မြှင့်တင်ရေး၊ စာငှားသူတိုးပွားစေရန် ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများအား ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ဇန်နဝါရီ ၁၂ ရက်က အခြေခံပညာမူလတန်း (လွိုင်ချို) ကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို အသိပညာဗဟုသုတရရှိစေရန်အတွက် တိုင်းလုံးစာပေနှင့် ယဉ်ကျေးမှု ကော်မတီမှ ရေးသားပြုစုထားသည့် စိတ်ထားကောင်းကြမယ် စာအုပ်ဖတ်ပြပြီး သုတ၊ ရသစာအုပ် စာစောင်များငှားရမ်းပေးခဲ့သည်။

**ထင်ထင် (ပြန်/ဆက်)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ**
**လွန်စွာပူအေး၊ ဥတုဘေး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

MRTV

Sports Diary

Economic Review

MRTV National News

mitv

07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
07:11 Myanmar Delicate Artistic Creations - Gem Stone Painting
07:30 Sri Ksetra, Field of Fortune & Glory (Part-1)
07:50 Scented Buddha Images
08:01 News
08:43 Water Hyacinth and Rattan Products
09:02 The Stories Of The Great Souls (Mar Mar Aye)
09:40 Today Myanmar: Taking Men Out Of Dark To Light
09:53 Gardener: Rose Plantation
10:01 News
10:28 Dhammayangyi Temple
10:43 Perspectives: Condos & Property Management
11:02 Tastes of Home Land: Steamed Lobster

MRTV News

Next Level

MRTV National News

News Desk

MRTV Sports

Weekly Sports Info

MNL 2022 Match(Replay)

Weekend News

MRTV Application

# မြန်မာ့ရိုးရာအားကစားများနှင့် ကမ္ဘာ့တိုက်ခိုက်ရေးအားကစားမျိုးစုံ ပြိုင်ပွဲများအား ပြည်တွင်းနှင့် နိုင်ငံတကာပြိုင်ပွဲများ ကျင်းပရန် စီစဉ်နေ

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာ့ရိုးရာ အားကစားများနှင့် ကမ္ဘာ့တိုက်ခိုက်ရေး အားကစားမျိုးစုံပြိုင်ပွဲများကို ပြည်တွင်းနှင့် နိုင်ငံတကာပြိုင်ပွဲများ မြန်မာနိုင်ငံတွင် ကျင်းပရန်စီစဉ်နေကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်စင်တာပထမထပ် Warriors Lethwei Gym ၌ ပြုလုပ်သည်။ ဦးစွာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝဏ္ဏက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဇော်ပစ်တိုင်းထောင်မှ ဦးစိုင်းဇော်ဇော်က မှုဒိတာစကား ပြောကြားကာ မက်(စ်)ဝင်းမြန်မာ ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးတင်ဦးက ပြိုင်ပွဲများကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



"မြန်မာ့ရိုးရာအားကစားတွေ တိုးတက်ဖို့နဲ့ နိုင်ငံတကာကို ထိုးဖောက်ဖို့ လုပ်မှာဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ ပထမဆုံးအားကစားပြိုင်ပွဲလုပ်မှာက CROSS (အသွင်မတူသော/ပညာချင်းမတူသော) တိုက်ခိုက်ရေး အားကစားများ ပြိုင်ပွဲတွေ လုပ်မယ်။ ဥပမာ ကရာတေးသမားနဲ့ ရိုးရာလက်ဝှေ့သမား ထိုးမယ်။ သိုင်းသမားနဲ့ တိုက်ကွမ်ဒိုသမား ထိုးမယ်။ နည်းပညာနဲ့ ပညာရပ်ချင်းပြိုင်တာပေါ့။ ဒါကြောင့် မြန်မာပြည်မှာ လူရွေးပွဲလုပ်မယ်။ လူရွေးပွဲထဲက ချန်ပီယံတွေကို ပြည်ပကစားသမားနဲ့ ယှဉ်ပြိုင်ခိုင်းမှာ ဖြစ်ပါတယ်။ ဒီတီထွင်မှုက ကျွန်တော့်ရဲ့ တီထွင်မှုမှန်ပေမယ့် မြန်မာအမျိုးသားရဲ့ တီထွင်မှု၊ နိုင်ငံတော်က ဂုဏ်ယူရမယ့် တီထွင်မှု ဖြစ်ပါတယ်"ဟု ဦးတင်ဦးက ပြောသည်။

ယခုနှစ်တွင် ကျင်းပမည့် အားကစားပြိုင်ပွဲများတွင် DUO (တိုက်ခိုက်ရေးအားကစားသမား တစ်ဖက်နှစ်ဦး ပါဝင်သော အသွင်တူ/ အသွင်မတူသော တိုက်ခိုက်ရေး အားကစားပြိုင်ပွဲများ၊ CROSS (အသွင်မတူသော/ပညာချင်းမတူသော) တိုက်ခိုက်ရေးအားကစားများ ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာလက်ဝှေ့နှင့် မြန်မာ့ရိုးရာလက်ပမ်းလက်ဝှေ့ ကြေးစားပြိုင်ပွဲများ၊ မြန်မာ့ရိုးရာ ထုပ်ဆီးတိုးအားကစားနှင့် ပိုက်ကျော်ခြင်းအားကစားပွဲများကို ကြေးစားအဆင့်ပြိုင်ပွဲများ၊ ပြည်တွင်းနှင့် နိုင်ငံတကာတွင် ကျင်းပရေးကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် ရွှေပြည်သာအသင်းနှင့် Black Cross အသင်း သုံးပွဲဆက်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၃**

MFF ဖူဆယ်လိဂ် - ၂ ပြိုင်ပွဲ ပွဲစဉ် (၃) ကို ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ နှစ်ပွဲဆက်အနိုင်ရထားသည့်အသင်းများအနက် ရွှေပြည်သာအသင်းနှင့် Black Cross အသင်းသာ နိုင်ပွဲဆက်ခဲ့ပြီး Golden Yoma အသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သည်။

ပွဲစဉ် (၃) တွင် Black Cross အသင်းက SGF အသင်းကို လေးဂိုး-သုံးဂိုး၊ YRG အသင်းက Sun Far အသင်းကို သုံးဂိုး - နှစ်ဂိုး၊ TG United အသင်းက Maryar အသင်းကို ခုနစ်ဂိုး - သုံးဂိုး၊ ရွှေပြည်သာအသင်းက Noka United အသင်းကို သုံးဂိုး - တစ်ဂိုး၊ M-Million အသင်းက Seven အသင်းကို ငါးဂိုး-နှစ်ဂိုး၊ KKY အသင်းက Golden Yoma အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။

**ညီမြတ်သော်တာ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂၅၂ | ၂၁၉၂၄၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၅၄၅ | ၁၅၄၅၇၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁ | ၇၉၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၆၂ | ၂၄၃၃၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၅၀ | ၃၇၅၀၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၁၀၄၁ | ၂၀၂၉၉၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၅ | ၂၃၅၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၁၀၀၇ | ၁၇၁၉၆၅၀ |

ညီညီ - စုစည်းသည်

# မြိတ်မြို့၌ ကရင်နှစ်သစ်ကူးနေ့အခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို မြိတ်မြို့ မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၈၆)ကြိမ်မြောက် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။ ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး JengPhang နော်တောင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားခဲ့ပြီး တာဝန်ရှိသူများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံနှင့် ကျေးဇူးတင်စကားများ ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ယဉ်ကျေးမှုအဖွဲ့များ၏ ကရင်ရိုးရာ ဒုံးယိမ်းအကနှင့် ကရင်အမျိုးသားသီချင်းများ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

# မဟာဗန္ဓုလလမ်း (လမ်းသစ်လမ်းမှ မဟာဗန္ဓုလတံတားအထိ)အရှည် နှစ်မိုင်ခွဲ၌ ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့သော မဟာဗန္ဓုလလမ်း (လမ်းသစ်လမ်းမှ မဟာဗန္ဓုလတံတားအထိ) လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ ဖွင့်ပွဲမုခ်ဦးနေရာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်အားပေးသည်။

ဖွင့်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဌာနမှူး ဦးလင်းခိုင်၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဌာနမှူး ဦးကိုကိုလင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး ဦးချိုထွန်းအောင်တို့က ကတ္တရာကွန်ကရစ် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လမ်းသစ်ပေါ်တွင် လှည့်လည်ကြည့်ရှု အားပေးကြသည်။

မဟာဗန္ဓုလ လမ်းမကြီးသည် ရန်ကုန်မြို့တော်၏ မြို့လယ်ခေါင် စီးပွားရေး ဇုန်ဧရိယာအတွင်းရှိ အရှေ့အနောက် ဆက်သွယ်သည့် အဓိက လမ်းမကြီး ငါးလမ်းတွင် ပါဝင်ပြီး မဟာဗန္ဓုလလမ်း (လမ်းသစ်လမ်းမှ မဟာဗန္ဓုလတံတားအထိ) စုစုပေါင်းအရှည် ပေ ၁၃၁၀၀ (၂ မိုင် ၄ ဖာလုံ) တွင် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ခြင်း ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်ဆက်)**





# ကျိုက်မရောမြို့နယ်၌ စိုက်ပျိုးခဲ့သော မိုးစပါး ဧက ၅၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

**ကျိုက်မရော ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၃-၂၀၂၄ မိုးသီးနှံ စိုက်ပျိုးရာသီအတွင်းက ဒေသခံတောင်သူများ စိုက်ပျိုးခဲ့သည့် စပါးဧက ၅၆၀၀၀ ကျော်ကို ရိတ်သိမ်းပြီးစီးပြီဖြစ်၍ ခြွေလှေ့စက်များဖြင့် ခြွေလှေ့နေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျိုက်မရောမြို့နယ်၌ ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသခံလယ်သမားများက ချောင်းပိတ်မြောင်းပိတ်နှင့် အတ္ထရံမြစ်ရေ တင်စီမံကိန်းမှရေများကို အသုံးပြုကာ မြို့နယ်တွင်း မိုးစပါးသီးနှံ ဧက ၅၃၂၈၀ စိုက်ပျိုးရန်လျာထားခဲ့ပြီး လျာထားဧကထက် ဧက ၂၀၀၀ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။ ကျိုက်မရောမြို့နယ်အတွင်း အဓိကစိုက်ပျိုးသည့် စပါးမျိုးများမှာ ပေါ်ဆန်းရင်၊ ဆင်းသုခ၊ မနောသုခစသည့် စပါးမျိုးများဖြစ်ပြီး ဒေသဝမ်းစာဖူလုံမှုရှိကြောင်း သိရသည်။

ယခုအခါ တောင်သူများက ရိတ်သိမ်းပြီး စပါးကောက်လှိုင်းစည်းများကို လူအင်အားကုန် အချိန်ကုန် သက်သာစေရန်အတွက် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းကာ စပါးများခြွေလှေ့လျက်ရှိသည်။ ယခုကဲ့သို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ်သို့ နည်းပညာအကူညီများရယူကာ ဆောင်ရွက်ခြင်းကြောင့် ရရှိလာသော စပါးများကို ဈေးကောင်းရရှိအောင် အချိန်မီတင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ စပါးခြွေလှေ့စက် ငှားရမ်းရာတွင် တင်းတစ်ရာလျှင် ကျပ် ၁၃၀၀၀၀ ပေးရကြောင်း၊ စပါးအထွက်နှုန်းအနေဖြင့် တစ်ဧက ပျမ်းမျှ ၆၅ တင်းမှ တင်း ၇၀ ခန့်အထိ ထွက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**မိချို (ကျိုက်မရော)**

# မောင်တောမြို့၌ ခရိုင်အဆင့် လူရည်ချွန်ရွေးချယ်ရေး အားကစားစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မောင်တော ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကျောင်းသား ကျောင်းသူများ လူငယ်များ အသိပညာဗဟုသုတ မြင့်မားတိုးတက်စေရန်၊ လူငယ်လူရွယ်များ အာရုံစူးစိုက်လေ့လာမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများမှ Grade-9 မှ Grade-12 အထိ ခရိုင်အဆင့် လူရည်ချွန်ရွေးချယ်ရေး ပြိုင်ပွဲများကို ပြုလုပ်လျက်ရှိရာ အားကစားပြိုင်ပွဲများကို မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၁၂ ရက်တွင် ပြုလုပ်သည်။

လူရွေးချယ်ရေး အားကစားပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade-9 မှ Grade-12 အထိ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ မောင်တောမြို့နယ်မှ ရှစ်ဦးနှင့် ဘူးသီးတောင်မြို့နယ်မှ ရှစ်ဦးတို့က အပြေးမီတာ ၁၀၀၊ ၄၀၀၊ ၈၀၀ နှင့် လက်ထောက်မှောက်တွန်းတင်၊ ရပ်လျက်အလျားခုန်၊ အိပ်ထမတင် စသည့် အားကစားအမျိုးအစားများကို အတန်းလိုက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



အဆိုပါ ခရိုင်အဆင့် လူရည်ချွန်ရွေးချယ်ရေးအတွက် စစ်ဆေးခြင်းများ ပြုလုပ်ရာတွင် ဇန်နဝါရီ ၉ ရက်က မြန်မာစာနှင့် အင်္ဂလိပ်စာ စစ်ဆေးခြင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် အထွေထွေ ဗဟုသုတနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုစစ်ဆေးခြင်းများ ပြုလုပ်ကြပြီး အောင်မြင်သူများအနေဖြင့် ပြည်နယ်အဆင့်သို့ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မဲတောအုပ်စု အမြောက်တပ် အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောစဉ်။ ကိုကိုမင်း (ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရခိုင်ပြည်နယ်အတွင်း သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်နယ်အဆင့် ကော်မတီခြောက်ရပ်ဖြင့် ဆက်တိုက်ဆောင်ရွက်လျက်ရှိ



**စစ်တွေ ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် သဘာဝဘေး ပြန်လည်ထူထောင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်တိုက် လုပ်ဆောင်လျက်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးကာလတွင် ပြည်နယ်အတွင်း ကော်မတီခြောက်ရပ်ဖြင့် ဆောင်ရွက်ခဲ့ရာ ယနေ့အစည်းအဝေးတွင် ကော်မတီအလိုက် ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ရမည့် အခြေအနေများကို တင်ပြဆွေးနွေး ကြစေလိုကြောင်း၊ ကော်မတီများ၏ ဆောင်ရွက်မှုများကို အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကော်မတီများအနေဖြင့် တိကျမှန်ကန်ပြီး စာရင်းဇယား စနစ်တကျဖြင့် မှတ်တမ်းများ ကျန်ရှိနိုင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများရောက်ရှိမှု၊ ဖြန့်ခွဲမှုများ မှတ်တမ်းမှတ်ရာများ ပြုစုပြီး ဖြန့်ခွဲရာတွင်လည်း မြို့နယ်အလိုက် ဖြန့်ခွဲမှုများကို အသေးစိတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် စာရင်းဇယားများ ပြုစု၍ အပြီးသတ်အစီရင်ခံစာတစ်ခုဖြစ်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကာ ဗဟိုကော်မတီသို့ တင်ပြမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်းပြီး ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက်ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**တင်ထွန်း**
**(ပြန်/ဆက်)**

# နှစ်စဉ်ကျင်းပသည့် Study in Japan ပြပွဲကို အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ဂျပန်ဖောင်ဒေးရှင်း(ရန်ကုန်)က ကြီးမှူး၍နှစ်စဉ်ကျင်းပသည့် Study in Japan Fair ကို ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ အွန်လိုင်းမှတစ်ဆင့် ကျင်းပသွားမည်ဖြစ်ရာ ပါဝင်တက်ရောက်လိုသူများသည် လူမှုကွန်ရက်ပေါ်ရှိ The Japan Foundation, Yangon စာမျက်နှာမှတစ်ဆင့် viewform တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

Study in Japan Fair 2024 တွင် ဂျပန်နိုင်ငံ၏ တက္ကသိုလ် ၃၉ ခု၊ သက်မွေးပညာသင်ကောလိပ်တစ်ခု၊ ဂျပန်ဘာသာစကားကျောင်း လေးကျောင်း စသည့် ပညာရေးအဖွဲ့အစည်း ၄၄ ခုတို့ ပါဝင်မည် ဖြစ်ပြီး ပါဝင်သည့် ကျောင်းတစ်ကျောင်းချင်းစီက မိတ်ဆက်ခြင်း၊ ဝင်ခွင့်စာမေးပွဲနှင့် ပညာသင်ဆုအချက်အလက်များအပြင် အခြား ဂျပန်ပညာတော်သင်နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို ဝက်ဘ်ဆိုက်လိပ်စာ https://www.okayama-u.ac.jp/user/asean/2024.html မှတစ်ဆင့် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

ဇန်နဝါရီ ၂၆၊ ၂၇၊ ၂၈ ရက်တွင် မိမိစိတ်ဝင်စားသည့် ကျောင်း၏ Zoom Group Consultation ကိုတက်ရောက်ပြီး သက်ဆိုင်ရာ ကျောင်းတာဝန်ရှိသူနှင့် အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်ဆွေးနွေး နိုင်မည်ဖြစ်သည်။

ဂျပန်ပညာတော်သင်ကို စိတ်ဝင်စားသည့် လူငယ်များအတွက် အခွင့်အရေးကောင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

**သစ်တောမှန်လျှင် အသုံးဝင်၊**
**အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေး



**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိချုပ်၊ ဌာနကြီးမှူးများ၊ ခရိုင်၊ မြို့နယ်များမှ လျှပ်စစ်မန်နေဂျာများ၊ လျှပ်စစ်အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများအား အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၂ ရက်တွင် တွေ့ဆုံပြီး ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက ၂၀၂၃– ၂၀၂၄ ဘတ်ဂျက်ပါလုပ်ငန်းများ အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်ကြရန်၊ လျှပ်စစ်ဓာတ်အား လေ့လွင့်မှုလျော့နည်းရေးနှင့် လျှပ်စစ်မီတာများ ခိုးမသုံးရေးအတွက် မြို့နယ်တာဝန်ရှိသူများက စိစစ်ကြီးကြပ်ရန်၊ လျှပ်စစ်ဓာတ်တိုင်များအပေါ်တွင် ဆက်သွယ်ရေးကြိုးများ သွယ်တန်းမှုမရှိစေရန်၊ ဘဏ္ဍာနှစ် လုပ်ငန်းများ ပြီးပြတ်အောင် လုပ်ဆောင်ရန်၊ လမ်းတိုးချဲ့သည့်နေရာများတွင် ကျန်ရှိသော ဓာတ်တိုင်များကို လျှပ်စစ်စည်းမျဉ်းစည်းကမ်း ဥပဒေနှင့်အညီ ဖယ်ရှားရန်၊ အချို့လုပ်ငန်းများ ပြီးစီးမှုနှုန်းနည်းပါးသည်ကို တွေ့ရှိနေရသဖြင့် ပစ္စည်းဝယ်ယူမှုအခက်အခဲများ ရှိပါက တင်ပြကြရန်နှင့် ခရိုင်၊ မြို့နယ်လျှပ်စစ်ရုံးများတွင် အခက်အခဲများရှိပါက တင်ပြကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးနေမှု အခြေအနေများ၊ မီတာခကောက်ခံရရှိမှု၊ ကြွေးကျန်ကိစ္စရပ်များမရှိစေရန် ဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **“အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး”** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ**စည်းကမ်းချက်များ**နှင့်အညီ ရေးသားပေးပို့ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ပြိုင်ပွဲသို့ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

( ခ ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

( ဂ ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသား ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား– ၁၄ (Font Size 14) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1'' ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည် ဖြစ်ပါသည်။

( င ) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင် ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး၊ ပေးပို့လာသည့် စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့်စာမူများ မဖြစ်စေရပါ။

( စ ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအားပြန်လည် ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆောင်းပါး စိစစ်ဆုရွေးချယ်ရေးဘုတ်အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်းငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ထိုက်တန်သည့် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူနှင့်အတူ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုလွှာ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်–၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇–၄၀၄၂၅၁၊ ၀၉–၂၀၁၉၃၅၇၊ အီးမေးလ် dswwdd2022@gmail.com သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အီးမေးလ်ဖြင့် ပေးပို့ပါက Word Document အပြင် PDF ဖတ်၍ ပေးပို့ပါရန်။)

သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံခြင်းစသည့် စာမူများကို ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရရှိသူများကို ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

ဟားခါး ဇန်နဝါရီ ၁၃

**၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်အမှာစကားပြောကြားသည်။**



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ချင်းအမျိုးသားနေ့ အခမ်းအနားသည် ချင်းပြည်နယ် အစိုးရအဖွဲ့တစ်ခုတည်းမဟုတ်ဘဲ ချင်းအမျိုးသား အားလုံး၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် (၇၆)နှစ် မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရန် လိုအပ်သည့်လုပ်ငန်းများကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အောင်မြင်စွာကျင်းပနိုင်ရေးဦးစီး ကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က (၇၆)နှစ် မြောက် ချင်းအမျိုးသားနေ့အောင်မြင်စွာ ကျင်းပ နိုင် ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေ များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အောင်မြင်စွာကျင်းပနိုင်ရေး ဆပ်ကော်မတီအလိုက် ရှင်းလင်းတင်ပြကြသည်။(**အပေါ်ပုံ**)

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီး များနှင့်တာဝန်ရှိသူများက အကြံပြုဖြည့်စွက် ဆွေးနွေး တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက် များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း လာမည့်မိုးရာသီတွင် ကြားသီးနှံကော်ဖီ ဧက ၁၀၀၀ စိုက်ပျိုးနိုင်ရေးဆောင်ရွက်မည်

**ပဲခူး ဇန်နဝါရီ ၁၃**

ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း(၃၆/၄)ရှိ ကြယ်နီ သုံးလုံးရော်ဘာစက်ရုံ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပသည့် “Robusta” ကော်ဖီမျိုးစေ့ပေးအပ်ပွဲနှင့် ပျိုးထောင်နည်း၊ စိုက်ပျိုးနည်း ပညာပေးသင်တန်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နှစ်ရှည်ပင်သီးနှံ တောင်သူများ အနေဖြင့် လာမည့်မိုးရာသီတွင် ကြားသီးနှံကော်ဖီကို ဧက ၁၀၀၀ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ် ဆောင်ရွက်သွားရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မှာကြားခဲ့ကြောင်း သိရသည်။



ကော်ဖီသီးနှံသည် ကမ္ဘာ့ဈေးကွက်ရရှိနေသော သီးနှံ ဖြစ်သည့်အပြင် မြန်မာနိုင်ငံမှ ထွက်ရှိသည့်ကော်ဖီသည် ကမ္ဘာ့ဈေးကွက်ဝင်ဖြစ်၍ ကော်ဖီ စိုက်ပျိုးနိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက် ရှိကြောင်း၊ ကော်ဖီသီးနှံသည် ကုန်းမြင့် ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုးများရှိသလို ပဲခူးတိုင်း ဒေသကြီး၏ ရာသီဥတုနှင့် ကိုက်ညီသည့် ကမ္ဘာ့ဈေးကွက်ဝင် “ရိုဘတ်စတာ- Robusta” မြေနိမ့် ကော်ဖီမျိုးများလည်း ရှိကြောင်း၊ သစ်တောအစုအဖွဲ့ လုပ်ငန်းရှင်များ၊ နှစ်ရှည်သီးနှံပင် စိုက်ပျိုးသော လုပ်ငန်းရှင်များ အနေဖြင့် မိမိတို့စိုက်ပျိုးသော သစ်တောပင်များမှ ဝင်ငွေရရှိသလို ရိုဘတ်စတာ ကော်ဖီကို သီးညှပ် စိုက်ပျိုးခြင်းအားဖြင့် နှစ်သီးပေါ်မှ ဝင်ငွေပိုမိုတိုးတက် ရရှိနိုင်မည်ပြီး ယခုဖြန့်ဖြူးပေးသည့် ကော်ဖီမျိုးသည် တစ်ဧကလျှင် ၂ ဒသမ ၈၄ တန် ထွက်ရှိနိုင်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထပ်လောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရိုဘတ်စတာ မြေနိမ့်ကော်ဖီ စိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ စိုက်နည်းစနစ်များနှင့် အကျိုးအမြတ်ရရှိနိုင်သည့် အခြေအနေများကို အသိပညာပေး ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပဲခူးခရိုင်နှင့် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်ကိုယ်စားပြု ကော်ဖီ စိုက်ပျိုးမည့်လုပ်ငန်းရှင်များအား ကော်ဖီမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။(**ဝဲပုံ**)

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော်ဖီအစေ့ပျိုးထောင်မှု အခြေအနေနှင့် ရော်ဘာစိုက်ခင်း အတွင်း ရိုဘတ်စတာ မြေနိမ့် ကော်ဖီသုံးနှစ်သား စိုက်ပျိုးထားရှိမှု၊ အပွင့်/အသီး စတင်နေမှု အခြေအနေများကို လက်တွေ့ကွင်းဆင်းကြည့်ရှုပြီး စိုက်ပျိုးမည့် ကော်ဖီ လုပ်ငန်းရှင်များအား လက်တွေ့ ရှင်းလင်းသရုပ်ပြသခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် လျှောက်ထားသူ ၂၀၀၀၀ နီးပါးရှိ

**မန္တလေး ဇန်နဝါရီ ၁၃**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၄ ခုနှစ် မတ် ၁၁ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်း ဒေသကြီးအတွင်းမှဖြေဆိုရန် လျှောက်ထားသူ ကျောင်းသား ကျောင်းသူဦးရေ ၁၉၉၄၇ ဦး ရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံး စီမံကိန်းကြီးကြပ်အကဲဖြတ်ဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးမြင့်ချိုက ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် K G+12 စနစ်သစ်ပညာရေး၏ ပထမဆုံးသော တက္ကသိုလ်ဝင်စာမေးပွဲဖြစ်ပြီး ဖြေဆိုရန် လျှောက်ထားသူများတွင် ကျောင်းတွင်း ဖြေဆိုသူ ၁၇၂၀၀ နှင့် ပြင်ပမှဖြေဆိုသူ ၂၇၄၇ ဦး စုစုပေါင်း ၁၉၉၄၇ ဦးအတွက် ခရိုင် ၁၁ ခု နှင့် မြို့နယ်၂၈ ခုတွင် စာစစ်ဌာနပေါင်း ၇၅ ခုထားရှိမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်မှာ ကျင်းပမယ့်တက္ကသိုလ်ဝင် စာမေးပွဲက KG+12 စနစ်သစ်ပညာရေးရဲ့ ပထမဆုံး တက္ကသိုလ်ဝင်စာမေးပွဲဖြစ်တဲ့ အတွက် ဖြေဆိုမယ့်သူနည်းပါတယ်။ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးနဲ့ မန္တလေး ဗဟိုအကျဉ်းထောင်တို့မှာလည်း စာစစ်ဌာန တွေ ဖွင့်လှစ်ထားရှိမှာပါ”ဟု ၎င်းက ပြောသည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပ မည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းပေါင်း ၄၁၉၈ ကျောင်း၊ ကိုယ်ပိုင် ကျောင်းပေါင်း ၂၃၅ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၁၁ ကျောင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ပြည်တွင်းမှ ထိုင်းနိုင်ငံသို့ ရက်တိုအလည်အပတ်ခရီး သွားရောက်သူများပြား

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ ပြည်တွင်းမှ ပြည်ပခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ ရက်တို အလည်အပတ်ခရီးစဉ် သွားရောက်လည်ပတ်မှု များပြားနေကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်နောင်ဟန်က ပြောကြားသည်။

ယင်းကဲ့သို့ မြန်မာပြည်မှ ထိုင်းနိုင်ငံကို သွားရောက်လည်ပတ်ကြသည့် ခရီးစဉ်များအနက် ၃ ရက်၊ ၄ရက် ခရီးစဉ်အနေဖြင့် ရက်တိုခရီးစဉ် သွားရောက်လည်ပတ်မှုများပြားကြောင်းလည်း ၎င်းကပြောသည်။

“ပြည်တွင်းခရီးစဉ်အနေနဲ့ အခုလက်ရှိ အလည်အပတ်သွားရောက်မှုများနေတာကတော့ ထိုင်းနိုင်ငံကိုပါ။ ပြီးခဲ့တဲ့လ ပိတ်ရက်တွေကတည်းကနေ အခုထိ အသွားများတယ်။ လာမယ့်မတ်လနဲ့ ဧပြီလမှာဆိုရင်လည်း ပြည်ပကိုအများဆုံးသွားရောက်လည်ပတ်ကြတဲ့လတွေ ဖြစ်ပါတယ်။ ဖေဖော်ဝါရီလမှာ ဗုဒ္ဓဂယာဘုရားဖူး ပိုမိုများပြားလာနိုင်တယ်။ ဒီဇင်ဘာ၊ ဇန်နဝါရီလက နည်းနည်းလေးအေးတော့ ဗုဒ္ဓဂယာဘုရားဖူးက သွားတော့သွားကြပေမယ့် ပုံမှန်အားဖြင့် နည်းတယ်။ ဒါပေမယ့် ဖေဖော်ဝါရီလကစပြီး ခရီးသွားဖို့ ရာသီဥတုအခြေအနေကလည်း ကောင်းတဲ့အတွက် ဒီလတွေမှာ ခရီးသွားများတယ်။ သင်္ကြန်ရက်တွေဆိုရင် ဗုဒ္ဓဂယာဘုရားဖူးကလည်း အများဆုံးသွားကြတယ်။ ဒါကြောင့် ဖေဖော်ဝါရီလက ဧပြီလအထိ ဗုဒ္ဓဂယာသွားတာအများဆုံးပဲ”ဟု ၎င်းက ပြောသည်။

ထို့အပြင် မတ်လနှင့်ဧပြီလတွင် ဗီယက်နမ်ခရီးစဉ်၊ ဥရောပသို့ ရက်ရှည်ခရီး သွားရောက်လည်ပတ်ကြသည့် ခရီးစဉ်အချို့ရှိကြောင်းလည်း သိရသည်။

**MT**

# မြင်းမူမြို့နယ်ရှိ ကြက်သွန်နီစိုက်ခင်းများဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရရန်မျှော်လင့်

**မြင်းမူ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကြက်သွန်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် ကြက်သွန်ပေါ်ချိန်တွင် ဈေးကောင်းရရန်မျှော်လင့်နေကြသည်။

ကြက်သွန်စိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းကျော် ကုန်ကျကာ စိုက်ပျိုးပြီး လေးလအကြာတွင် တူးဖော်ရပြီး တစ်ဧကလျှင် ကြက်သွန်အချိန် ၅၀၀၀ အထိ ထွက်ရှိနိုင်ကြောင်း သိရသည်။ သို့ရာတွင် ကြက်သွန်ဈေးမှာ နှစ်စဉ်တည်ငြိမ်မှုမရှိကြောင်း၊ ပြည်ပဝယ်လက်များ ရှိသည့်နှစ်များတွင် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ အထက်အထိ ရရှိကြကြောင်း ထီးဆောင်းကျေးရွာမှ ကြက်သွန်စိုက်တောင်သူထံမှ သိရသည်။

မြင်းမူမြို့နယ်တွင် ထီးဆောင်းကျေးရွာ၊ ခြေယာတော်ကျေးရွာ၊ ကျော့မင်းကျေးရွာ အလ္လကပ္ပကျေးရွာနှင့် ပဲကူကျေးရွာတို့မှာ နှစ်စဉ် ကြက်သွန်နီကို စီးပွားဖြစ်စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်သည်။



**အောင်စိုးဖေ(မြင်းမူ)**

# မွန်ပြည်နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆွေးနွေးပွဲ ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade- 12 (သင်ရိုးသစ်) တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်ဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ၂၀၂၄ ခုနှစ် မတ်လတွင် ကျင်းပမည့် Grade-12 တက္ကသိုလ်ဝင် စာမေးပွဲကို ဝင်ရောက် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဘာသာရပ်ဆိုင်ရာ မေးခွန်းပုံစံများကို ကောင်းမွန်စွာ သိရှိနားလည်ပြီး တက္ကသိုလ်ဝင်စာမေးပွဲကို အဆင့်မီစွာ ဖြေဆိုနိုင်ကြစေရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာစေရေးကို ဦးတည်ပြီး ယခုလို ဘာသာရပ်အလိုက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ မွန်ပြည်နယ်သည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ ၁၂ နှစ်တာ ကာလအတွင်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပဥ္စမ တစ်ကြိမ်၊ တတိယနှစ်ကြိမ်၊ ဒုတိယတစ်ကြိမ်နှင့် ပထမ ရှစ်ကြိမ် ရရှိခဲ့သည့်အတွက် တက္ကသိုလ်ဝင် အောင်ချက်မြင့်မားခဲ့သော ပြည်နယ်တစ်ခုလည်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှ ရရှိသော အတွေ့အကြုံကောင်း၊ အသိပညာများ၊ သင်ကြားသင်ယူမှုနည်းစနစ်များ၊ စစ်ဆေးတိုင်းတာခြင်း လုပ်ငန်းများကို မှန်ကန်စွာ လက်တွေ့ပြန်လည်အသုံးချနိုင်ပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းအား ကောင်းမွန်စွာ အကျိုးပြုနိုင်မည့် ဗလငါးတန်နှင့် ပြည့်စုံသော သားကောင်း၊ သမီးမွန်များ ပေါ်ထွန်းလာစေရန် ပြုစုပျိုးထောင် သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန်နှင့် မွန်ပြည်နယ် ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်တို့က Grade-12(သင်ရိုးသစ်) တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးဆိုင်ရာများအား ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ဘာသာရပ်ဆွေးနွေးပွဲများအတွက် ကိုယ်ပိုင်ကျောင်းများမှ အလှူငွေများ ပေးအပ်ရာ ပြည်နယ်ပညာရေးမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12(သင်ရိုးသစ်)တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆွေးနွေးပွဲကို မော်လမြိုင် တက္ကသိုလ်မှ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမ ၃၅ ဦးက မွန်ပြည်နယ်အတွင်းရှိ Grade-12 (သင်ရိုးသစ်) သင် ဆရာ ဆရာမ ၁၃၇၁ ဦးအား နှစ်ရက်ကြာ ဆွေးနွေးပို့ချကြမည်ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အထောက်အကူပြု အခြေခံကွန်ပျူတာ သင်တန်းဖွင့်

**ထားဝယ် ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကျင်းပသည့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်စေရန်၊ မိသားစုဝင်ငွေ တိုးတက်စေရန်၊ ရေရှည်တည်မြဲစေမည့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် အန္တရာယ်ရှိသော အလုပ်အကိုင်များမှ ကလေးအလုပ်သမားများ ပပျောက်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)ကို အကောင်အထည် ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ(၈)ရပ်ကို သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလှိုင်က အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍လည်းကောင်း အစိုးရနည်းပညာအထက်တန်းကျောင်းကျောင်းအုပ်ကြီး ဦးဟိဏ်းထက်အောင်က အခြေခံကွန်ပျူတာသင်တန်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

သင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ သင်ကြားပို့ချပေးမည် ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်လျက်ရှိသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မချမ်းဘောမြို့၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကျင်းပ

**မချမ်းဘော ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးနန်မွန်ခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့်စုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးနောင်ထုန်းခေါ့ထိန်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကာယ၊ ဉာဏ ဘက်စုံပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကအလှများ တင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ယောရွှေနီ(မချမ်းဘော)**



# အာလူးဈေးကျနေပြီး လာမည့်သုံးလအတွင်း ဆက်လက်ကျဆင်းနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၃**

အာလူးဈေးနှုန်းမှာ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်နှောင်းပိုင်းခန့်မှစကာ ယခုနှစ်ဇန်နဝါရီလအထိ ကျဆင်းနေပြီး လာမည့်သုံးလအတွင်း အာလူးဈေးကွက် ဆက်လက်ကျဆင်းနေမည်ဟု ခန့်မှန်းထားကြောင်း အာလူးရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

“ဒီကာလကတော့ ထုံးစံအတိုင်း အာလူးဈေးကွက်ကကျနေတယ်။ နောက်ထပ် နှစ်လ သုံးလအတွင်းလည်း အာလူးဈေးထပ်ကျမယ်လို့ ခန့်မှန်းတယ်၊ ပြီးခဲ့တဲ့ မိုးတွင်းတုန်းကဆိုရင် ကျပ် ၂၅၀၀၊ ၂၆၀၀ အထိရှိတယ်။ အခု ၁၉၀၀။ အရင်တုန်းကထက် ဈေးကျသွားတယ်” ဟု မိုးမောက်မြို့နယ်မှ အာလူးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်မိုးတွင်းကာလက အာလူးလက်ကားတစ်ပိဿာဈေးနှုန်းမှာ ကျပ်၂၅၀၀ အထိ မြင့်တက်ခဲ့ပြီး မိုးတွင်းကာလပြီးဆုံးသည့် စက်တင်ဘာလမှစတင်၍ ယခုအချိန်အထိ အာလူးတစ်ပိဿာလျှင် ကျပ် ၁၉၀၀ ခန့်သာရှိကြောင်း သိရသည်။

ထို့ပြင် အာလူးအများဆုံးစိုက်ပျိုးသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် လက်ရှိကုန်စိမ်းပေါ်သည့် ကာလဖြစ်သောကြောင့် အားလူးဈေးကွက်ကျဆင်းနေခြင်းဖြစ်ကြောင်း အာလူးရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

**သစ်တော်**

# မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေး ရေကာသုံးခုတည်ဆောက်

**မင်းဘူး ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ထုံးမကြီးကျေးရွာ၌ နှစ်စဉ် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကျမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ကမ်းပြိုကာကွယ်ရေး ရေကာသုံးခု အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကျပ် ၁၀၅၅ ဒသမ ၅ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို အပိုင်းသုံးပိုင်းခွဲ၍ စနစ်တကျ စီမံပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းကမ်းပြိုကာကွယ်ရေး ရေကာတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ၉၆ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ယင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၁) ဦးသန့်ညီအောင်က ပြောသည်။

ယခု ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများပြီးစီးပါက မင်းဘူး(စကု)မြို့နယ် ထုံးမကြီးကျေးရွာအပါအဝင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ် ကြုံတွေ့ရသည့် ကမ်းပါးပြိုကျမှုအန္တရာယ်ကင်းဝေးစေမည့်အပြင် မြစ်အတွင်း သဲသောင်ဖြစ်ထွန်းမှုများကိုလည်း လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## လေလံတင် လျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ဝေါမြို့နယ်၊ သမဝါယမအသင်းစုပိုင် ရင်းနှီးပစ္စည်းဖြစ်သော ဝေါမြို့၊ ရန်ကုန်-မော်လမြိုင်ကားလမ်းမကြီးဘေး၊ ဘိုးဘုံရပ်ကွက်၊ မြေကွက်အမှတ် TL(၁၀)၊ ဦးပိုင်အမှတ် ခ/၂၇B(ဘိုးဘွားပိုင်)မြေအမျိုးအစား G2မြို့မြေဧရိယာ ၀.၀၄၄ဧကနှင့် ၎င်းမြေပေါ်ရှိ အသင်းစုရုံး အဆောက်အအုံ(၇၀' x ၂၀' x ၂၅')အား လေလံတင်ရောင်းချမည်။

| | |
|---|---|
| လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - ၁၅-၁-၂၀၂၄ရက် မှ ၂၈-၁-၂၀၂၄ရက်၊ ညနေ ၁၆:၀၀နာရီအထိ |
| လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် | - ၂၈-၁-၂၀၂၄ရက်၊ ညနေ ၁၆:၀၀နာရီ |
| လေလံတင်ရောင်းချမည့်ရက် | - ၂၉-၁-၂၀၂၄ရက်၊ နံနက် ၁၁နာရီ |
| လေလံတင်လျှောက်လွှာ ရောင်းချမည့်နေရာ | - မြို့နယ်သမဝါယမအသင်းစုရုံး၊ ဝေါမြို့ |
| လေလံလျှောက်လွှာ ထည့်သွင်းဖွင့်ဖောက်မည့်နေရာ | - မြို့နယ်သမဝါယမဦးစီးဌာန၊ ဝေါမြို့ |
| ဆက်သွယ်ရမည့် ဖုန်းနံပါတ် | - ၀၉-၂၅၄၄၅၆၅၇၁ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇီးပင်ဝဲကျေးရွာ၊ ဂမုံးလတာကွင်း၊ ကွင်းအမှတ်-၁၀၄၂B၊ ဦးပိုင် အမှတ် (၃၈)၊ ဧရိယာ (၁၁.၆၉)ဧကရှိ လယ်မြေနှင့်ယင်းလယ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးအေးမြင့်အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားပါသည်။ ဦးအေးမြင့်ကွယ်လွန်ပြီးနောက် ဖခင် ဦးအေးမြင့် ကျန်ရစ်သော လယ်ယာမြေများအပေါ် လှည်းကူးခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် -၁၉/၂၀၂၂ အမိန့်အရ အမွေဆက်ခံပိုင် ဆိုင်ပြီး လှည်းကူးခရိုင်တရားရုံး၏ တရားမအထွေထွေမှု အမှတ်-၁၃/၂၀၂၂ ဖြင့် အမွေထိန်းလက်မှတ်စာရရှိထားသူ ဦးအေး မြင့်၏သမီး ဒေါ်ငြိမ်းကျော့ကေခိုင် (၁၂/လကန(နိုင်)၂၀၂၉၅၃)က လှည်းကူးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာနတွင် ဖခင်အမည်မှ ဒေါ်ငြိမ်းကျော့ကေခိုင်အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားခဲ့ပါသည်။ အဆိုပါ လျှောက်ထားမှုအား ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်အမည်ပြောင်းလဲခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်အေးမင်းသန့် ဥပဒေတွဲ့**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉/၂၀၁၆)**
**အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၇၄၇၉၆၊ ၀၉-၄၅၀၀၂၇၈၃၃**

## လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ အမှတ်(၅၈၁)တွင် ဖွင့်လှစ်လုပ်ကိုင်နေသော ဦးကောင်းဟိန်းစိုး ၁၂/တမန(နိုင်)၁၀၈၃၀၆သည် အောက်တွင် ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် လုပ်ငန်းအမှတ်တံဆိပ်မူရင်းပိုင်ရှင်ဖြစ်ပါသည်-

BLACK CLAN
Business Solution

**မှတ်ပုံတင်အမှတ်(၁၁၄၂၉/၂၀၂၃)**

အထက်ဖော်ပြပါ " BLACK CLAN Business Solution " လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် "စီးပွားရေးနှင့်အကြံပေးလုပ်ငန်း"အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ယင်းလုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ"BLACK CLAN Business Solution" လုပ်ငန်းအမှတ်တံဆိပ်အားမည်သည့်ပုံစံဖြင့် မဆိုမှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူအားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုးမပြုလုပ်၊ မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပသုံးစွဲမည်ဆိုပါက ကြေညာသူ၏ စီးပွားရေးဆုံးရှုံးနစ်နာမှုအဝဝအတွက် တည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

**တိုက်(၄)၊အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)(၈)**
**မိုင်ပီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၁၃၄၇၅၁၊ ၀၉-၇၅၀၃၉၈၄၀၆**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ သံသရာအေး(ဘက) ကျောင်း၊ Grade-8 မှ မောင်ပြေတီ လင်းနှင့် Grade-10မှ မလင်းလဲ့အိမ်တို့၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးလွမ်းမိုး ၆/ကစန(နိုင်)၀၈၀၆၂၈ဖြစ်ပါကြောင်းနှင့် မောင်ပြေတီလင်း၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းအရ ၁၁-၃-၂၀၁၀ဖြစ်ပါကြောင်း။ **ဦးလွမ်းမိုး**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃-ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် (၉၆၃/၇၀၁)၊ (၈/D) နေ (ဘ) မိုဟာမတ်စလင်း၏သားဖြစ်သူ ဆိုဟဲလ်(ခ)ဦးကျော်မင်းဦး (၁၂/ပဘတ(နိုင်)၀၃၁၀၀၈)မှ အောက်ဖော်ပြပါ ကုန်အမှတ် တံဆိပ်အမှတ်အသားအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၁၁၃၃၀/၂၀၂၃) (၂၁-၁၂-၂၀၂၃) ဖြင့် မှတ်ပုံတင် တင်သွင်းကြော်ငြာပြုလုပ်ထားပြီးဖြစ်ပါသည်-

NEON

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် " ဆိုင်ကယ်ဘတ္တရီနှင့် ဘတ္တရီအမျိုးမျိုး"တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုန်အမှတ် တံဆိပ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါကုန် အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဆက်လက်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.GP,LL.B,D.M.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆ | တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရှမ်းပြည်နယ်တရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂

| | | |
|---|---|---|
| ၁။ ဦးဘိုနီ | နှင့် | ၁။ ဦးဖုန်းညွန့်ဦး |
| ၂။ ဒေါ်ပြုံးပြုံးနိုင် | | ၂။ ဦးကိုကိုလွင် |
| ၃။ ဒေါ်နွယ်နီလွင် | | |
| ၄။ ဒေါ်သဥ္ဇာဖြိုး | | |
| ၅။ ဒေါ်နန်းဝတ်ရည်ဖူး | | |
| ၆။ ဦးစံဝင်း | | |
| ၇။ ဒေါ်နန်းသိင်္ဂီဝင်း | | |
| ၈။ နန်းဝင့်စန္ဒာဝင်း | | |
| ၉။ ဒေါ်နန်းစံဟိန်း(မိမိကိုယ်တိုင်နှင့် တရားလို ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈)၏ တရားရုံးကိုယ်စားလှယ်စာရရှိသူ) | | |
| ၁၀။ ဒေါ်နန်းဝါဝါလင်း(မိမိကိုယ်တိုင်နှင့်တရားလို(၁၁)၏ တရားရုံးကိုယ်စားလှယ်စာရရှိသူ) | | |
| ၁၁။ ဦးသီဟန် | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

ယခင်အမှတ်(၇၄) ချယ်ရီလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့နေ (ယခုနေရပ်လိပ်စာမသိသူ) အမှတ်(၂) တရားပြိုင် ဦးကိုကိုလွင် သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၆ရက် (၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ရက်နေ့) မွန်းမတည့်မီ(၁၀) နာရီအချိန် တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(နန်းရွှန်းလဲ့)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၈)၊ Grade-8မှ မအေးနဒီအောင်၏ဖခင် ဦးဆန်းဝင်းအောင်၏အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးစန်းဝင်းအောင် ၆/ကသန(နိုင်) ၀၆၅၂၀၃ ဖြစ်ပါကြောင်း။

**ဦးစန်းဝင်းအောင်**

## နိုင်ငံသားစိစစ်ရေးကဒ်ပျောက်ဆုံးကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်တော် ဦးမင်းမောင်မောင် ကိုင်ဆောင်သည့် ၆(က) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၆/မမန(နိုင်) ၂၂၀၃၀၄မှာ ၉/၂၀၂၃မှစ၍ ခရီးသွားရင်းပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါ ပျောက်ဆုံးသွားသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် ပတ်သက်ပြီးဖြစ်ပေါ်လာသည့် ကိစ္စမှန်သမျှသည် ကျွန်တော် ဦးမင်းမောင်မောင်နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းမောင်မောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁-၂၀၂၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ အထက်တန်းရှေ့နေ ဒေါ်ဝင့်စန္ဒီအောင် ၏ အများသိစေရန် ကြေညာချက် ကြော်ငြာတွင် ရောင်းချပိုင်ခွင့်ရှိသူအမည် ဒေါ်ခိုင်မွန်မွန်ကျော် (၁၂/အစန(နိုင်)၂၀၀၇၁၅) **အစား ဒေါ်ဝင်းသန္တာမျိုးလတ် (၇/ကဝန(နိုင်) ၁၂၈၅၆၉)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ မူဝံ(၂)လမ်း၊ ရပ်ကွက်အမှတ်(၇)၊ ရပ်ကွက်အမည်-အေးရိပ်ငြိမ်၊ အကွက်အမှတ်/အမည်၊(၅၈-အေးရိပ်ငြိမ်)၊ မြေကွက်အမှတ်-၉၉၊ ဧရိယာ (၀ဒသမ၀၃၄)ဧက အကျယ်အဝန်းရှိသော ဦးညွန့်တင်အမည်ပေါက်မြေကွက်ကို ဦးညွန့်တင်၏ဇနီးဖြစ်သူ ဒေါ်ခင်ဌေးရီ ၁၀/ခဆန(နိုင်)၀၁၈၅၅၃)ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံတရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးလွမ်းအောင်ထွေး အထက်တန်းရှေ့နေ(စဉ်-၅၀၂၆၈)**
**အမှတ်(၂၈၈)၊အောင်ရတနာလမ်း၊ပုလုံးတုံတုံးကျေးရွာ၊**
**ကော့သောင်းမြို့။ ဖုန်း-၀၉-၂၅၉၉၇၇၀၆၅**

## "မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)နှင့် အများသိစေရန်ကြေညာခြင်း"

ARENA
ASEAN REAL ESTATE NETWORK ALLIANCE

၁။ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)သည် (၂၃-၈-၂၀၁၆)မှ စတင်၍ အာဆီယံ အိမ်ခြံမြေ ကွန်ရက်မဟာမိတ်အဖွဲ့ ASEAN REAL ESTATE NETWORK ALLIANCE (ARENA) အသင်းဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး (ARENA) ၏ အမှတ်တံဆိပ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာ ကိုယ်စားပြုသုံးစွဲခွင့်ပြုထားခြင်းမဟုတ်ပါ။

၂။ ဥက္ကဋ္ဌ ဒေါ်မို့မို့အောင် ဦးဆောင်သော မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) သည် သင်းဖွဲ့စည်းမျဉ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (ARENA) အမှတ်တံဆိပ်သည် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်းဝင်တိုင်းနှင့်သက်ဆိုင်၍ အသင်းသူ / အသင်းသားတိုင်း အသုံးပြုခွင့်ရှိသော အမှတ်တံဆိပ်ဖြစ်ပါကြောင်းနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာ ကိုယ်စားပြုသုံးစွဲခွင့်ပြုထားခြင်းမဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်များ/အမှုဆောင်များ၏လွှဲအပ်ညွှန်ကြားချက်အရ**

| **ဒေါ်ကေခိုင်သွယ်** | **ဦးကျော်အေး** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၁၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၇၈)** |
| **အမှတ်(၈၂)၊ သုနန္ဒာ(၂)လမ်း၊ (စ)ရပ်ကွက်၊** | **အမှတ်(၁၀၈)၊ မန္တလေးလမ်း၊ ကန်/ရှေ့ရပ်ကွက်၊** |
| **မြောက်ဥက္ကလာပမြို့ နယ်၊ ရန်ကုန်မြို့၊** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း- ၀၉-၄၄၉၀၀၄၅၄၊ ၀၉-၉၅၉၅၂၉၉၂၅** | **ဖုန်း - ၀၉ ၄၅၀၅၃၈၉၈၇** |

**ဒေါ်အေးနန္ဒာနွယ်**
**(LL.B, D.BL, LQB, UK)**
**(WIPO-101 Switzerland)**
